ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စာအမှတ်၊ ၁၃၆ - လျှပ်စစ် ၁(၂)/[illegible] / ၂၀၁၀
ရက်စွဲ ၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အမှာစာ

အကြောင်းအရာ။ **အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့ ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်လျောခွင့်များ ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များ အားအတည်ပြု ပေးပါရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ပြု ပါရန်တင်ပြခြင်း**

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ရေအားသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ တိုးတက်လိုအပ်နေသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် "ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဟူသော နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ရေအားလျှပ်စစ်စီမံကိန်းများအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက်(၁၆)မိုင်ခန့်အကွာရှိ ဘီလူးချောင်းပေါ်တွင် တပ်ဆင်စက်အင်အား (၅၂)မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း(၃၃၄) ထွက်ရှိမည့် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် ယခင် (B.O.O) စနစ်ဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၁၂/၂၀၀၈)အစည်းအဝေး သဘောတူညီချက် **(နောက်ဆက်တွဲ-က)**အရ (၂.၅.၂၀၀၈)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော နားလည်မှု စာချွန်လွှာ **(နောက်ဆက်တွဲ-ခ)** အား ပြင်ဆင်၍ ပဋိညာဉ်စာချုပ် (မူကြမ်း)အား နှစ်ဖက်ညှိနှိုင်း ပြုစုခဲ့ကြပါသည်။

၃။ ညှိနှိုင်းပြုစုထားသော ပဋိညာဉ်စာချုပ်(မူကြမ်း)အရ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီမံကိန်းအတွက် စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းရေးဆွဲပုံစံထုတ်လုပ်ခြင်းနှင့် စီးပွားရေးတွက်ခြေကိုက်မှု လေ့လာသုံးသပ်ခြင်း။

(ခ) ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်စက်ရုံမှ အသုံးပြုပြီးထုတ်လွှတ်လိုက်သော ရေနှင့် စက်ရုံအနီးရှိ ဘီလူးချောင်းမှ လွှဲယူသောရေတို့ကို ပူးပေါင်း၍ ရေသွင်းတံခါးမှ တစ်ဆင့် အဓိကဥမင်လိုဏ်ခေါင်း(Head Race Tunnel) အတွင်းသို့ ပို့လွှတ်ပေးသွင်းခြင်း။

(ဂ) ဘီလူးချောင်းမှ ရေထုကို လွှဲပြောင်းသွင်းယူနိုင်ရန် ဘီလူးချောင်းပေါ်တွင် ရေလွှဲ အဆောက်အအုံ၊ ရေငြိမ်ကန်၊ ရေသွင်းမြောင်း စသည်တို့ကို တည်ဆောက်ခြင်း။

(ဃ) အလျားမီတာ(၉၀)မှ မီတာ(၂၂၀)ရှည်သော ချဉ်းကပ်ဥမင်လိုဏ်ခေါင်း(၄)ခု အပါအဝင် အလျား(၄.၃)ကီလိုမီတာ၊ အကျယ်(အချင်း)(၄.၉)မီတာရှိသော ရေသွယ်ဥမင်လိုဏ်ခေါင်း ကို ကွန်ကရစ်လိုင်နင်ဖြင့် တည်ဆောက်ခြင်း။

(င) အဓိကရေသွယ်ဥမင်လိုဏ်အဆုံးတွင် ကုဗမီတာ(၅၀,၀၀၀)ဆန့် ကွန်ကရစ်ရေထိန်းကန် (၁)ခုနှင့် ရေပိုလွှဲ၊ ရေငြိမ်ကန်များတည်ဆောက်ခြင်း။

(စ) အလျား(၁၈၈)မီတာနှင့် အကျယ်(အချင်း)(၃.၈)မီတာရှိသော ဖိအားမြင့်သံမဏိပိုက် (Penstock) တည်ဆောက်ခြင်း။

(ဆ) ဖရန်စစ်အမျိုးအစား(၂၅.၃)မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် တာဘိုင်စက်(၂)လုံးနှင့် ဆက်စပ် ပစ္စည်းများ တပ်ဆင်ထားသော မြေပေါ်လျှပ်စစ်စက်ရုံ(Surface Type Power House) တည်ဆောက်ခြင်း။

(ဇ) စက်ရုံမှထွက်ရှိလာသည့် ရေများအား ဘီလူးချောင်းအတွင်းသို့ ပြန်လည်ထုတ်လွှတ်ပေးမည့် ကွန်ကရစ် ရေထုတ်မြောင်း(၁)ခု တည်ဆောက်ခြင်း။

(ဈ) မြေပေါ်ဓာတ်အားခွဲရုံ(၁)ခု တည်ဆောက်ခြင်း။

(ည) ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စက်ရုံမှ အမှတ်(၂)ရေအားလျှပ်စစ်စက်ရုံသို့ (၄.၅) ကီလိုမီတာအရှည်ရှိ (၁၃၂)ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ဆက်သွယ်ခြင်း။

(ဋ) ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စက်ရုံမှ ပို့လွှတ်ပေးလိုက်သည့် လျှပ်စစ်ဓာတ်အားကို လက်ခံရယူနိုင်ရန် ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်စက်ရုံရှိ ဓာတ်အားခွဲရုံအား လိုအပ်သည်များ တိုးချဲ့တပ်ဆင်ပေးခြင်း။

(ဌ) ရုံးအဆောက်အဦးနှင့် ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ခြင်း။

(ဍ) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ထိန်းသိမ်းမောင်းနှင်ခြင်း။

(ဎ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း။

၄။ စီမံကိန်း၏ ခန့်မှန်းရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်တန်ဖိုး စုစုပေါင်းမှာပြည်တွင်းသုံးငွေ ကျပ်သန်းပေါင်း ၁၀၄,၈၀၈.၆၃ (ကျပ် တစ်သိန်း လေးထောင် ရှစ်ရာရှစ် ဒသမ ခြောက်သုံးသန်း)နှင့် နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း (၈၂.၆၇) (အမေရိကန် ဒေါ်လာ ရှစ်ဆယ့်နှစ် ဒသမ ခြောက် ခုနှစ်သန်း) ဖြစ်ပါသည်။ စီမံကိန်းတည်ဆောက်ရေး ကာလမှာ(၄)နှစ်ဖြစ်ပြီး စုစုပေါင်းလုပ်ပိုင်ခွင့်ကာလမှာ လျှပ်စစ်ဓာတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့် နေ့ရက်မှစတင်၍ အထူးကိစ္စတစ်ရပ်အနေဖြင့် **နှစ်ပေါင်း(၆၀)**ပေးအပ်ရန်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်ကာလအား ဆက်လက်တိုးမြှင့်လိုပါက စည်းမျဉ်းစည်းကမ်းချက်များနှင့် အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြ၍ **(၅)နှစ်တစ်ကြိမ်စီဖြင့် (၃)ကြိမ်** သက်တမ်းတိုးမြှင့်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို ပေးအပ်ရန်ဖြစ်ပါသည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျှက်ရှိရာတွင် ၂၀၁၀ခုနှစ်၊ ဇန်နဝါရီလ စုစုပေါင်း (၁၅.၆၄) ရာခိုင်နှုန်းအထိ လုပ်ငန်းများ ပြီးစီးပြီ ဖြစ်ပါသည်။

၅။ အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်အနေဖြင့် မြေအသုံးချမှု ပရီမီယံကြေးအဖြစ် **စုစုပေါင်းကျပ်သိန်း (၅၀၀) (ကျပ်သိန်းငါးရာတိတိ)** ကို အောက်ပါအတိုင်း ပေးအပ်မည်ဖြစ်ပါသည်-

(က) ပဋိညာဉ်စာချုပ်ကို နှစ်ဖက်လက်မှတ်ရေးထိုးပြီး တစ်လအတွင်း ကျပ်သိန်း(၂၅၀) (ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ) ကို ပေးအပ်ရန်။

(ခ) တည်ဆောက်ရေးကာလပြီးနောက် လျှပ်စစ်ဓာတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်နိုင်သည့် နေ့ရက်ကာလတွင် ကျပ်သိန်း(၂၅၀) (ကျပ် သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ပေးအပ်ရန်။

၆။ အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်အနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို နိုင်ငံတော်နှင့် သက်ဆိုင်ရာဌာနများမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် နှုန်းထားသတ်မှတ်ချက်များနှင့် အညီဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်။

၇။ အဆိုပြုစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမည့် ငွေများအနက်မှ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း(၂၈.၈)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးယူမည်ဖြစ်ပြီး ပြည်တွင်းသုံးငွေ ကျပ်သန်းပေါင်း(၂၂၀၀၃.၈)ကို နိုင်ငံတော်ဘဏ်တစ်ခုခုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ခွင့်ပြုပါက နှစ်ရှည်စီမံကိန်းချေးငွေအဖြစ်ရယူပြီး စီမံကိန်းကို ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ ချေးငွေများကို အောက်ပါအတိုင်းပြန်လည်ပေးဆပ်မည် ဖြစ်ပါသည်-

(က) ပြည်တွင်းချေးငွေအားရန်ကုန်-မန္တလေးလမ်း စီမံကိန်းမှ လမ်းအသုံးပြုခ ကောက်ခံရရှိငွေများ၊ နေပြည်တော်တည်ဆောက်ရေး စီမံကိန်းများမှ ရရှိသည့်ဝင်ငွေများ၊ ရေအားလျှပ်စစ် တည်ဆောက်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျှက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းများမှ ရရှိသည့်ဝင်ငွေများ၊ High Tech Concrete Co., Ltd ၏ ကွန်ကရစ်ရောင်းချခြင်းမှ ရရှိသည့်ဝင်ငွေများ၊

ရွှေတောင်ကုမ္ပဏီမှ ရောင်းချသည့် အိမ်၊ ခြံ၊ မြေများမှ ရရှိသည့် ဝင်ငွေများ၊ ယခုအဆိုပြု စီမံကိန်းမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို ရောင်းချခြင်းမှ ရရှိလာမည့်ဝင်ငွေများ အစရှိသည့် ဝင်ငွေများဖြင့် ယခုအဆိုပြုစီမံကိန်းလုပ်ငန်း စတင်လည်ပတ်ပြီး (၄)နှစ်မြောက်သည့်နှစ်မှစ၍ အချိုးညီ (၁၀)ရစ်ခွဲ၍ (၁၀)နှစ်အတွင်း ပြန်လည်ပေးဆပ်သွားမည် ဖြစ်ပါသည်။

(ခ) ပြည်ပချေးငွေအား ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချခြင်းလုပ်ငန်းမှ ရရှိသည့် နိုင်ငံခြားပို့ကုန်ရငွေများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တင်ပို့ရောင်းချခြင်းလုပ်ငန်းများမှ ရရှိသည့် နိုင်ငံခြားပို့ကုန် ရငွေများ၊ ပြည်တွင်းတွင်ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံခြားကုမ္ပဏီများသို့ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများမှ ရရှိသည့် နိုင်ငံခြားငွေများ၊ ကုမ္ပဏီ၏ အခြားလုပ်ငန်းများမှ ရရှိသည့်တရားဝင်နိုင်ငံခြားငွေများ အစရှိသည့် ဝင်ငွေများဖြင့် ပေးဆပ်သွားမည် ဖြစ်ပါသည်။

၈။ နိုင်ငံခြားချေးငွေဖြင့် စီမံကိန်းအတွက် စက်ယန္တရား၊ စက်ပစ္စည်းများကို လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနမှ တင်ဒါစနစ်ဖြင့် ဝယ်ယူ၍ စာချုပ်ပါအတိုင်း တင်သွင်းမည်ဖြစ်ပြီး၊ ဌာနနှင့် ကုမ္ပဏီတို့အကြား ပစ္စည်းလွှဲပြောင်းရေးဆိုင်ရာ စာချုပ်အဖြစ် လွှဲပြောင်းရယူ၍ စီမံကိန်းတွင် အသုံးပြုမည်ဖြစ်ပါသည်။ အဆိုပါနိုင်ငံခြားချေးငွေအတွက် ကုမ္ပဏီနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့အကြား ချေးငွေပေးဆပ်ရေးဆိုင်ရာ စာချုပ်ချုပ်ဆို၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ အဆိုပြုသည့် ရေအားလျှပ်စစ်စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ၊ စီမံကိန်းချေးငွေနှင့် အတိုးနှုန်းများ၊ စီမံကိန်းမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးမည့်နှုန်းထား၊ အဆိုပြုသည့် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်နှုန်းထား စသည့် အချက်များနှင့်အညီ စီးပွားရေးဆိုင်ရာတွက်ခြေကိုက်မှု စိစစ်ချက်များအား တွက်ချက်နည်းပေါင်း (၅၀)နည်းဖြင့် အောက်ပါအတိုင်း စိစစ်တွက်ချက်ခဲ့ပါသည်-

(က) ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလတွင်နည်းပေါင်း(၁၀)နည်းဖြင့်လည်းကောင်း၊

(ခ) ၂၀၀၉ခုနှစ်၊ ဧပြီလတွင်နည်းပေါင်း(၂၅)နည်းဖြင့်လည်းကောင်း၊

(ဂ) ၂၀၀၉ခုနှစ်၊ ဩဂုတ်လတွင်နည်းပေါင်း(၁၅)နည်းဖြင့်လည်းကောင်း၊

၁၀။ အထက်ပါ တွက်ချက်မှုနည်းလမ်းများအနက် အောက်ပါနည်းလမ်းသည် ဝန်ကြီးဌာနအဆင့်အနေဖြင့် အသင့်တော်နည်းလမ်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(က)	ဝင်ငွေခွန်ကင်းလွတ်ခွင့်	(၃)နှစ်
(ခ)	ကုန်သွယ်ခွန်ကင်းလွတ်ခွင့်	(၃)နှစ်

(ဂ) ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်ပေးဆောင်မှု

- ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အား(၃)နှစ်ကင်းလွတ်ခွင့် ခံစားပြီးနောက်(၁၅)နှစ်နှင့်(၁၁)လ — (၅၀)%သက်သာခွင့်
- ကျန်ကာလများ — တည်ဆဲဥပဒေနှင့်အညီ ပေးဆောင်ပါမည်

(ဃ) နှစ်ဖက်အကျိုးအမြတ်ရရှိနိုင်မှု

- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ — (၂၁၂,၃၈၈.၅၈) ကျပ်သန်းပေါင်း
- ရင်းနှီးမြှုပ်နှံသူ — (၃၄၈,၇၆၅.၆၄) ကျပ်သန်းပေါင်း

(င) အရင်းကြေကာလ — (၁၅)နှစ်နှင့် (၁၁)လ

(စ) အကြွေးကြေကာလ — (၁၀)နှစ်

(ဆ) လုပ်ပိုင်ခွင့်ကာလ(ပထမစက်တစ်လုံး စီးပွားဖြစ်စက်လည်ပတ်သည့်ရက်မှစ၍) — (၆၀+၅+၅+၅)နှစ်

(ဇ) EIRR% — (၇.၃၇)%

၁၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်**(နောက်ဆက်တွဲ-ဂ)**၊ ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်**(နောက်ဆက်တွဲ-ဃ)** များနှင့်အညီ ရေးဆွဲထားသော ပဋိညာဉ်စာချုပ်အား (၁၀-၁၁-၂၀၀၉) ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄၀/၂၀၀၉) အစည်းအဝေးဆုံးဖြတ်ချက် **(နောက်ဆက်တွဲ-င)** အရ လက်မှတ်ရေးထိုးရန် သဘောတူပြီးဖြစ်သဖြင့် (၃၁.၁၂.၂၀၀၉)ရက်နေ့တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ အဆိုပါပဋိညာဉ်စာချုပ် **(နောက်ဆက်တွဲ-စ)** အား ပူးတွဲလျက်တင်ပြအပ်ပါသည်။ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်(Future Energy Co., Ltd) မှ B.O.T စနစ်ဖြင့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရောင်းချခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တစ်ဆင့် ကုန်သွယ်မှုမူဝါဒကောင်စီသို့ တင်ပြခဲ့ရာ (၃.၂.၂၀၁၀)ရက်နေ့တွင် ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၄/၂၀၁၀)အစည်းအဝေးမှ **(နောက်ဆက်တွဲ-ဆ)** ဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

(က) အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်(Future Energy Co., Ltd) မှ B.O.T စနစ်ဖြင့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရောင်းချခွင့်ပြုပါရန် ကိစ္စအား လုပ်ငန်းလုပ်ကိုင်ခွင့် ကာလအတွက် Exemption နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် Exemption ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနမှ အစိုးရအဖွဲ့သို့ Case by Case တင်ပြရန်။

(ခ) **Case by Case အလိုက် Exemption ကို အစိုးရအဖွဲ့မှ သဘောတူပြီးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုချက်ရယူပြီး အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရန်။**

၁၂။ ကုန်သွယ်မှု မူဝါဒကောင်စီ ဆုံးဖြတ်ချက်အရ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မှ ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့်ဆောင်ရွက်ရာတွင် **ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အား လုပ်ငန်းများစတင်လည်ပတ်သည့်နေ့မှစ၍ ပထမ(၃)နှစ်ကို ကင်းလွတ်ခွင့်ပြုပါရန်နှင့် ကင်းလွတ်ခွင့်ခံစားပြီး နောက် အရင်းကြေကာလ (၁၅) နှစ် နှင့် (၁၁) လ မတိုင်မီ ကာလများအတွက် (၅၀) ရာခိုင်နှုန်း သက်သာခွင့်ပြုပါရန်၊ လုပ်ငန်းလုပ်ပိုင်ခွင့်အား (၆၀)နှစ်ခွင့်ပြုနိုင်ပါရန်နှင့် နောက်ထပ်(၅)နှစ်တစ်ကြိမ်စီဖြင့် (၃)ကြိမ်သက်တမ်းတိုးခွင့်ပြု ပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ (နောက်ဆက်တွဲ-ဇ) ဖြင့်တင်ပြခဲ့ရာ (၁၈.၂.၂၀၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၀) မှ (နောက်ဆက်တွဲ-ဈ) ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။**

၁၃။ သို့ဖြစ်ပါ၍ ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်အတွင်းလိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်ဖြင့် ငွေကြေးအမြောက်အများ ရင်းနှီးမြှုပ်နှံ၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည့်အတွက် စီမံကိန်းအားအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်၍ စီးပွားရေးတွက်ခြေကိုက်ရန်၊ မနစ်နာစေရန် ဖော်ပြပါလိုက်လျောခွင့်များ၊ ဝင်ငွေခွန်နှင့်ကုန်သွယ်ခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို အတည်ပြုပေးနိုင်ပါရန်၊ တည်ဆောက်ရေးကာလတွင် အသုံးပြုရန်အတွက်လိုအပ်သော စက်ယန္တရား၊ မော်တော်ယာဉ်နှင့် အခြားဆက်စပ် ပစ္စည်းများအားသက်မှတ်ဥပဒေနှင့်အညီတင်သွင်းခွင့်ပြုပါရန်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခွင့်အား လုပ်ငန်းခွင့်ပြုမိန့် ထုတ်ပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

(ဗိုလ်မှူးကြီးဇော်မင်း)
ဝန်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊ နစ/ယ-၁/ ၅၁၉ / ၂၀၀၉ (၃၂၁၃)
ရက်စွဲ ။ ၂၀၀၉ခုနှစ် ၊အောက်တိုဘာလ (၁)ရက်

အမှာစာ

အကြောင်းအရာ။ ။ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်းအား Build, Operate and Transfer (B.O.T) စနစ်ဖြင့် ဆောင်ရွက်ရေးဆိုင်ရာ စာချုပ်(မူကြမ်း) အပေါ် သဘောထား မှတ်ချက်ပေးရန် ကိစ္စ။

ရည်ညွှန်းချက် ။ ။အမှတ် (၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ၏ ၂-၉-၂၀၀၉ ရက်စွဲပါ စာ အမှတ် ၁၅၇ / လျှပ်စစ် ၁- (၂) / ၄၁၅၆ / ၂၀၀၉

ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်း အတွက် ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန(DHPP) နှင့်အနာဂတ် စွမ်းအားကုမ္ပဏီလီမိတက် (လုပ်ငန်းလုပ်ကိုင်သူ)တို့ ချုပ်ဆိုမည့်စာချုပ် (မူကြမ်း) နှင့် စပ်လျဉ်း၍ အောက်ပါ သဘောထား မှတ်ချက်များ ပေးပို့အပ်ပါသည်။

၁။ စာချုပ် (မူကြမ်း)အရ တပ်ဆင်စက်အင်အား ၄၈ မဂ္ဂါဝပ်ရှိသည့် ဘီလူးချောင်း(၃) ရေအား လျှပ်စစ် စီမံကိန်း ကို လုပ်ငန်းလုပ်ကိုင်သူအား တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း (B.O.T) စနစ် ဖြင့် လုပ်ငန်း ဆောင်ရွက် ခွင့်ပြုရန် ချုပ်ဆိုခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည် ။

၂။ စာချုပ် (မူကြမ်း) အရ လုပ်ငန်း လုပ်ကိုင်သူမှ ရေအားလျှပ်စစ် စီမံကိန်းအတွက် စူးစမ်း လေ့လာခြင်း၊ စီးပွားရေးတွက်ခြေကိုက်မှု လေ့လာသုံးသပ်ခြင်း၊ ဒီဇိုင်းရေးဆွဲ ပုံစံထုတ်လုပ်ခြင်း ၊ရေလွှဲ အဆောက်အအုံ ၊ရေသွင်းမြောင်းများ ရေသွယ်ဥမင်လိုဏ်ခေါင်းများ တည်ဆောက်ခြင်း ၊ ရေအား လျှပ်စစ်စက်ရုံ ထိန်းသိမ်း ဆောင်ရွက်ခြင်း နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း စသည့်တို့ကို ဆောင်ရွက်ရန် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ စာချုပ် (မူကြမ်း) အရ လုပ်ငန်း လုပ်ကိုင်သူ မှ မြေယာအသုံးချမှု ပရီမီယံကြေး သိန်း (၅၀၀) ပေးသွင်းရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ စာချုပ် (မူကြမ်း)အရ DHPP အနေဖြင့် စီမံကိန်း အတွက် မြေအသုံးချရန် ခွင့်ပြုချက် ရရှိရေး၊ လုပ်ငန်းလုပ်ကိုင်ရန် နှင့် ခွင့်ပြုမိန့်များရရှိရေး လျှပ်စစ်ဓါတ်အား ရောင်းချရန် အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် ညှိနှိုင်းရေး စသည်တို့ကို ဆောင်ရွက်ရန် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ စာချုပ် (မူကြမ်း)တွင် စီမံကိန်းတည်ဆောက်ရေးကာလကို (၄) နှစ် သတ်မှတ်ထားပြီး စာချုပ် သက်တမ်းကို စီးပွားဖြစ်ထုတ်လုပ်သည့်နေ့မှ နှစ်ပေါင်း(၆၀) သတ်မှတ်ထားကြောင်းတွေ့ရှိရပါသည်။

၆။ စာချုပ် (မူကြမ်း) အရ မြေအသုံးချမှု ပရီမီယံကြေးတို့ လုပ်ငန်းလုပ်ကိုင်သူမှ ပေးရန်ဖြစ်ပြီး [illegible]

၇။ B.O.T (မူကြမ်း) အရ လုပ်ငန်းလုပ်ကိုင်သူထံမှ လုပ်ငန်းဆောင်ရွက်မှု အာမခံရယူရန် သင့် - မသင့် စဉ်းစားသင့် ပါကြောင်း အကြံပြုအပ်ပါသည်။

ဂ။ စာချုပ်(မူကြမ်း)တွင် **အပိုဒ် ၇(ဆ)(ဈ)၊စ(တ)နှင့် အပိုဒ် ၂၂(က)**တွင် မင်နီဖြင့်မြင်ဆင်ပေးထားကြောင်းဖော်ပြအပ်ပါသည်။

စာချုပ်လက်မှတ်**ရေးထိုးချုပ်ဆိုပြီးစီးပါက မိတ္တူ (၂)စောင်ကို** ဤဦးစီးဌာနသို့ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မောင်မောင်ခင်-ညွှန်ကြားရေးမှူး)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်ကို ကိုယ်စားပြုသူများစာရင်း

စဉ်	ဒါရိုက်တာအမည်	ရာထူး	နိုင်ငံသားစိစစ်ရေး ကဒ်ပြားအမှတ်	လိပ်စာ
၁။	ဦးအိုက်ထွန်း	ဥက္ကဋ္ဌ	မြန်မာ ၁၂/လမတ(နိုင်)၀၁၄၃၀၀	အမှတ်(၁၄/ခ)၊ မြစ်ကမ်းသာအိမ်ရာ၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၂။	ဦးအောင်ဇော်နိုင်	အုပ်ချုပ်မှုဒါရိုက်တာ	မြန်မာ ၁၂/လမတ(နိုင်)၀၂၅၇၅၈	အခန်း(၁၀၀၃)၊ အိုလံပစ်တာဝါ(၂)၊ မြစ်ကမ်းသာအိမ်ရာ၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၃။	ဦးစိုးလှိုင်	ဒုတိယဥက္ကဋ္ဌ	မြန်မာ ၁၃/တကန(နိုင်)၀၀၀၅၈၆	အမှတ်(၁၀၇)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
၄။	ဦးဝင်းရှိန် (ခ) ဦးရှင်ပိန်း	ဒါရိုက်တာ	မြန်မာ ၁၃/တကန(နိုင်)၁၂၆၉၄၀	အမှတ်(၂၀)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
၅။	ဦးကျော်ခိုင်	ဒါရိုက်တာ	မြန်မာ ၁၂/ကတတ(နိုင်)၀၂၄၇၈၄	အမှတ်(၆၀)၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့
၆။	ဦးသိန်းဟန်	ဒါရိုက်တာ	မြန်မာ ၁၂/ကမရ(နိုင်)၀၄၄၄၈၇	အမှတ်(၁၀၅/၇)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
၇။	ဦးအောင်သန်း	ဒါရိုက်တာ	မြန်မာ ၁၂/ပဇတ(နိုင်)၀၂၂၇၅၀	အမှတ်(၁)၊ ဒဂုံလွင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
၈။	ဦးရဲမြင့်	ဒါရိုက်တာ	မြန်မာ ၁၂/တမန(နိုင်)၀၇၃၉၉၇	အမှတ်(၂)၊ ဒဂုံလွင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
၉။	ဦးဝင်းငွေး	ဒါရိုက်တာ	မြန်မာ ၁၂/တမန(နိုင်)၀၇၀၄၀၆	အမှတ်(၅)၊ ဘုံကျောင်းလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
၁၀။	ဦးဟန်သိန်းလွင်	ဒါရိုက်တာ	မြန်မာ ၁၂/လမတ(နိုင်)၀၀၀၇၈၃	အမှတ်(၈၁)၊ ပိတောက်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
၁၁။	ဒေါ်စန္ဒာထွန်း	ဒါရိုက်တာ	မြန်မာ ၁၂/လမတ(နိုင်)၀၀၀၀၆၃	အမှတ်(၁၄/ခ)၊ မြစ်ကမ်းသာအိမ်ရာ၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၁၂။	ဦးမျိုးနောင်	ဒါရိုက်တာ	မြန်မာ ၁၂/တကန(နိုင်)၁၂၅၀၉၂	မေခအိမ်ရာ၊ လေးဒေါင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

စဉ်	ဒါရိုက်တာအမည်	ရာထူး	နိုင်ငံသားစိစစ်ရေး ကဒ်ပြားအမှတ်	လိပ်စာ
၁၃။	ဦးအိုက်ရီ	ဒုတိယဉက္ကဌ	မြန်မာ ၁၃/နခန(နိုင်)၀၃၃၆၉၉	အမှတ်(၁၇-က)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
၁၄။	ဦးစိန်မြင့်	ဒါရိုက်တာ	မြန်မာ ၁၃/ကမန(နိုင်)၀၀၉၉၃၉	အမှတ်(၅၂၀)၊ (၃၉)လမ်းနှင့် လမ်း(၄၀)ကြား၊ လမ်း(၈၀)၊ မဟာအောင်မြေ
၁၅။	ဦးအောင်ရွှေ	ဒါရိုက်တာ	မြန်မာ ၁၂/ပဘတ(ဧည့်)၀၀၀၃၃၈	အမှတ်(၂၁၆/၂၂၂)၊ (ဃ-၁)၊ ဘိုမြတ်ထွန်းအိမ်ရာ၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
၁၆။	ဦးအောင်ပြည့်ကျော်	ဒါရိုက်တာ	မြန်မာ ၁၂/တမန(နိုင်)၁၀၅၉၀၆	အမှတ်(၂)၊ ဒဂုံလွင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
၁၇။	ဒေါ်လှလှဝင်း	ဒါရိုက်တာ	မြန်မာ ၁၂/တမန(နိုင်)၀၀၅၅၀၅	အမှတ်(၅)၊ ဘုံကျောင်းလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

Future Energy Co., Ltd.

Baluchaung No.(3) Hydropower Project

နိုင်ငံခြားမှဝယ်ယူတင်သွင်းမည့် စက်ယန္တရား/ ယာဉ်/ စက်ပစ္စည်းကိရိယာများ

Sr	Item	Quantity	Amount in Million USD
(A)	**Plants, Machineries and Equipments**		**14.03**
1	Jumbo Drill, wheel mounted hydraulic jumbo	4	
2	Air Leg drill	12	
3	Crawler Drill (Hydraulic / Air Compressor types)	4	
4	Load Haul Dump ($2.5m^3$)	4	
5	Tunnel Mucking Machine (0.25-0.5 m^3)	4	
6	Rigid Dump Truck (15 t)	15	
7	Mobile Crane (20t / 35t / 50t / 70t)	5	
8	Crawler Crane (50 t)	2	
9	Hydraulic Excavator ($1.0m^3$ / 1.8 m^3)	9	
10	Tracked Dozer (300 hp)	8	
11	Air compressor (300-600 cfm)	3	
12	Water supply pump Centrifugal Pump/ Submersible Pumps	10	
13	MAI pump	3	
14	Drainage Pumps (200-500 gpm)	10	
15	Crushing Plant (100t/hr)	1	
16	Washing plant (50t/hr)	1	
17	Batching & Mixing Plant (60-125 m^3/hr)	1	
18	Track shovel Hyd. Loading Shovel ($1.5m^3$ - $2.0m^3$)	2	
19	Hydraulic Giant breaker	4	
20	Grout Machine	3	
21	Shotcrete Machine	3	
22	H- Beam Bender (100mm - 200mm)	1	
23	Ventilation Fan (50 kw - 75kw)	8	
24	Telescopic steel form (5mF)	3	
25	Metal Forms for Power House etc.	1 Lot	
26	Re-bar cutter (25mm - 40mm)	4	
27	Boring (Drilling) Machine	2	
28	Concrete vibrator (Hand - held immersion type)	15	
29	Generator (100 kVA - 1000kVA)	7	
30	Motor Grader (120 hp)	2	
31	Compaction roller (Vibrating0 (10t / 15t)	2	
32	Welding machine	7	
33	Surveying instrument (Lot)	10	

Future Energy Co., Ltd.

Baluchaung No.(3) Hydropower Project

နိုင်ငံခြားမှဝယ်ယူတင်သွင်းမည့် စက်ယန္တရား/ ယာဉ်/ စက်ပစ္စည်းကိရိယာများ

Sr	Item	Quantity	Amount in Million USD
(B)	**Heavy Machineries & Vehicles for Transportation**		**8.53**
1	Dump Truck (For Tunnel) (6t/7.5t)	35	
2	Cargo truck (5t/10t/15t)	10	
3	Transporter Truck (High Bed) (20t / 40t/60t)	2	
4	Concrete Mixer Truck ($3m^3$ - $9m^3$)	30	
5	Concrete Pump Truck ($100m^3$ /hr)	3	
6	Wheel loader ($2m^3$/$3.5m^3$/$4.5m^3$)	5	
7	Sprinkler car (1600 gal / 2000 gal)	5	
8	Prime Mover with Trailer (350 hp)	2	
9	Forklift (2t)	2	
10	Station Wagon 4 x 4	15	
11	Double Cab 4 x 4	5	
12	Wagon 7 Seater	5	
13	Bus	5	
Total			**22.56**

မှတ်ချက်။

၁။ စက်တန်ဖိုးအသေးစိတ်စာရင်းအတွက် ပစ္စည်းအမှန်ဝယ်ယူသည့်အချိန်တွင် ရရှိလာမည့် Quotation အား ဆက်လက်တင်ပြသွားပါမည်။

ဇယား - ၂ (၁)

Future Energy Co., Ltd.

Baluchaung No.(3) Hydropower Project

နိုင်ငံခြားမှဝယ်ယူတင်သွင်းမည့် မော်တော်ယာဉ်များ၏ အသေးစိတ်စာရင်း

No.	Type	Specification	Model	Qty	Price (USD)	Amount (USD)
1	Station Wagon (4 x 4)	Toyota Landcruser / Lexus 4 WD Off Road Wagon	2008 & Up	15	60,000	900,000
2	Double Cab (4 x 4)	Toyota Hilux Double Pick up 4 WD	2008 & Up	5	15,000	75,000
3	Wagon (7 Seater)	Toyota Wagon (7 Seater)	2008 & Up	5	60,000	300,000
4	Bus	Toyota Coaster Mini Bus	2008 & Up	5	40,000	200,000
	Total					**1,475,000**

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ဘခ - ၁ / ၂၃၄ (၂၁၂၇/၂၀၀၉)
ရက်စွဲ၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

သို့

ဝန်ကြီး
အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အကြောင်းအရာ။ သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ

ရည်ညွှန်းချက်။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂-၉-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၁၅၇-လျှပ်စစ်၁(၂)/၄၁၅၆/၂၀၀၉

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းအား (B.O.T) (Build Operate and Transfer) စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်(မူကြမ်း)အပေါ် ဤဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ်(၅)အရ လျှပ်စစ်စီမံကိန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်းအတွက် မြေအသုံးချမှု ပရီမီယံကြေး ကျပ်သိန်း (၅၀၀)အား ပဋိညာဉ်လက်မှတ်ရေးထိုးပြီး တစ်လအတွင်းကျပ်သိန်း (၂၅၀)နှင့် လျှပ်စစ်ဓါတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်နိုင်သည့် နေ့ရက်ကာလတွင် ကျပ်သိန်း (၂၅၀)ကို အနာဂတ်စွမ်းအားကုမ္ပဏီက ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနသို့ ပေးအပ်ရန်ဖော်ပြထားရာ မြေအရင်းအမြစ်အား နှစ်(၆၀)အသုံးချမှုအတွက် နိုင်ငံတော်မှ ကျပ်သိန်း(၅၀၀)သာ ရရှိမည်ဖြစ်ပြီး Royalty Fees ကဲ့သို့သော အခြားအဖိုးအခများ မရရှိကြောင်း တွေ့ရှိရပါသည်။

(ခ) စာချုပ်(မူကြမ်း) အပိုဒ်၂၂(ခ)တွင် ပဋိညာဉ်စာချုပ် သက်တမ်းကာလအား လျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓါတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်နေ့ရက်မှစတင်၍ နှစ်ပေါင်း(၆၀)အထိဟုဖော်ပြထားရာ ယခင် B.O.T စနစ်ဖြင့်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစီမံကိန်းများတွင် B.O.T ၏သက်တမ်းအား နှစ်(၃၀)မှ (၃၅) နှစ်အထိသာ ခွင့်ပြုလေ့ရှိပါသည်။ စာချုပ်(မူကြမ်း) အပိုဒ်၂၂(ဂ)တွင်ပဋိညာဉ်၏သက်တမ်းအားတိုးမြှင့်နိုင်ကြောင်း ဖော်ပြထားသဖြင့် ယခုပဋိညာဉ်၏ သက်တမ်းအား ကနဦးနှစ်(၃၀)သာ ခွင့်ပြု၍

hlv/1-274(scp)- 2

နောက်ထပ်သက်တမ်း ထပ်မံတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်းသာလျှင် သင့်လျော်မည်ဟု ယူဆပါသည်။

(ဂ) အဆိုပါပဋိညာဉ်စာချုပ်(မူကြမ်း)တွင် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်းမရှိသည့်အတွက် သဘောထားမှတ်ချက်ပြုရန်မရှိပါ။ သို့ရာတွင်လုပ်ငန်းဆောင်ရွက်ပေးခြင်းအတွက် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်သို့စာချုပ်အရပေးချေသည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်ကလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တစ်ဆင့်ခံဆောင်ရွက်စေခြင်းအတွက် ပေးချေသည့်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံခြားမှ ငွေချေးယူပါက အဆိုပါချေးယူငွေအတွက် အတိုးပေးချေငွေပေါ်တွင် လည်းကောင်း ပင်ရင်းမှ နှုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax)ကို ဖြတ်တောက်ပေးသွင်းရန် တာဝန်ရှိပါသည်။

(ဃ) ထို့အပြင် စီမံကိန်းလုပ်ငန်းအတွက် ပြည်တွင်းပြည်ပမှငှားရမ်းသည့် အတိုင်ပင်ခံများ၊ကျွမ်းကျင်သူများ၊ဝန်ထမ်းများအား ထုတ်ပေးသည့် လစာခေါင်းစဉ်မှ ဝင်ငွေခွန်ကိုနှုတ်ယူဖြတ်တောက်ပေးသွင်းရန် တာဝန်ရှိပါသည်။ စီမံကိန်းတည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရောင်းချသဖြင့် ရရှိသည့်ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်နှင့်လုပ်ငန်းမှရရှိသည့်အသားတင်အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်တို့ကို တည်ဆဲဥပဒေ၊နည်းဥပဒေ၊စည်းမျဉ်းနှင့်အမိန့်ကြော်ငြာစာများနှင့်အညီပေးဆောင်ရန်တာဝန်ရှိပါသည်။

၂။ လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပြန်ကြားအပ်ပါသည်။

၂၈.၁.၉

ဝန်ကြီး(ကိုယ်စား)
(ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဒုတိယဝန်ကြီး)

၂၈.၁.၉

မိတ္တူကို
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အကောက်ခွန်ဦးစီးဌာန

hlv/1-274(scp)- 3

နောက်ဆက်တွဲ (ဃ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရှေ့နေချုပ်ရုံး
နေပြည်တော်

စာအမှတ်၊ ၂(၅) ၄ - ၁၃ /နပတ(၃၂၉)
ရက်စွဲ ၊ ၂၀၀၉ ခုနှစ် ၊ စက်တင်ဘာလ ၁၆ ရက်

အကြောင်းအရာ။ ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့်ဆောင် ရွက်ရန်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်း

ရည် ညွှန်း ချက် ။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂ - ၉-၂၀၀၉ ရက်စွဲပါစာအမှတ် ၁၅၇-လျှပ်စစ် ၁(၂)/ ၄၁၅၆/ ၂၀၀၉

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်တို့အကြားဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းအားB.O.T(တည်ဆောက်၊ လုပ်ကိုင်၊လွှဲပြောင်း)စနစ်ဖြင့် ဆောင်ရွက်ရန်ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ်အကြံပြုအပ်ပါသည် -

(က) စာချုပ်(မူကြမ်း)တွင်နိဒါန်းအပိုင်း၌ရည်ညွှန်းထားသောပူးတွဲ(၁)မှာမြေပုံပူးတွဲပါရှိခြင်း မရှိပါ။ ယင်းနောက်ဆက်တွဲသည်စာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သဖြင့် စာချုပ် လက်မှတ်ရေးထိုးသည့်အချိန်တွင် ပူးတွဲများကို ပြည့်စုံစွာပူးတွဲထားရန်လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)တွင် မြေအသုံးချမှုပရီမီယံ(Land Use Premium) ပါရှိသော်လည်း မြေငှားရမ်းခမပါရှိသဖြင့် ဌာနအနေဖြင့်ရယူလိုခြင်းရှိ မရှိ စဉ်းစားသင့်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း)တွင် လုပ်ငန်းအာမခံငွေရယူထားခြင်းမရှိသဖြင့် လုပ်ငန်းအာမခံရယူ ရန်သင့်မသင့်စဉ်းစားသင့်ပါသည်။လုပ်ငန်းအာမခံငွေထားရှိလျှင် ယင်း၏ဘဏ်အာမခံ

C:\Documents and Settings\user\UKMT\Future Energy(EPC 1)(9-9-09)doc.doc

ပုံစံအားစာချုပ်တွင် ပူးတွဲပါရှိရန်နှင့် ဘဏ်အာမခံပုံစံမှာ စာချုပ်ပါစည်းကမ်းချက်များနှင့်ကိုက်ညီရန်လိုအပ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း)အပိုဒ် ၆ တွင် စံချိန်စံညွှန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းပညာဆိုင်ရာစံညွှန်းဟု ဖော်ပြထားရာ နောင်အငြင်းမပွားစေရန် စံချိန်စံညွှန်းအား စာချုပ်တွင်နောက်ဆက်တွဲဖြင့် ဖော်ပြသင့်ပါသည်၊

(င) စာချုပ်(မူကြမ်း)အပိုဒ် ၈(ဂ)တွင် ပြည်ပမှဝန်ထမ်းများ၊ အကြံပေးအင်ဂျင်နီယာများနှင့် အလုပ်သမားများကိုဝန်ကြီးဌာနမှခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်ကြောင်းဖော်ပြထားရာ မည်သည့်ဝန်ကြီးဌာနဖြစ်ကြောင်းကို ပြည့်စုံစွာဖော်ပြရန် လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း)အပိုဒ် ၈(ဇ)ပါ လုပ်ငန်းခွင့်ပြုသူအချိန်တိုးပေးခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်မှာလုပ်ငန်းခွင့်ပြုသူနှင့် သက်ဆိုင်သဖြင့်လုပ်ငန်းခွင့်ပြုသူ၏ တာဝန်ခေါင်းစဉ် အောက်သို့ပြောင်းရွှေ့ဖော်ပြရန်ဖြစ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း)အပိုဒ် ၈(ဏ)တွင်ဖော်ပြထားချက်မှာ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းနှင့် သက်ဆိုင်သဖြင့်စာချုပ်သက်တမ်းခေါင်းစဉ်အောက်သို့ပြောင်းရွှေ့ဖော်ပြသင့်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း)အပိုဒ်၉(က)တွင်လုပ်ငန်းစတင်သည့်နေ့ကိုလုပ်ငန်းခွင့်ပြုသူမှလုပ်ငန်း စတင်ရန်အကြောင်းကြားစာကိုလုပ်ငန်းလုပ်ကိုင်သူမှလက်ခံရရှိသည့်နေ့ဟုဖော်ပြထား ရာနောင်အငြင်းပွားမှုပေါ်ပေါက်နိုင်သဖြင့်ယင်းနေ့ကိုအတိအကျသတ်မှတ်သင့်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း)အပိုဒ်၁၆ လုပ်ငန်းလုပ်ကိုင်သူ၏ပျက်ကွက်မှုနှင့်ပတ်သက်၍အပိုဒ်(ခ) ပါအတိုင်း လုပ်ငန်းလုပ်ကိုင်သူသည် သတ်မှတ်ကာလကျော်လွန်မှ စာချုပ်လုပ်ငန်းများ ကိုဆောင်ရွက်ပြီးစီးပါက ဌာနအနေဖြင့် ရက်လွန်ကြေး၊ ဒဏ်ကြေးရယူရန်သင့် မသင့် စိစစ်သင့်ပါသည်၊

(ည) စာချုပ်(မူကြမ်း)အပိုဒ် ၁၈(ဃ)၌ စာချုပ်ရပ်စဲခြင်းသည် မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ပါက မလွန်ဆန်နိုင်သောဖြစ်ရပ်များ

မည်သည့်ကာလအထိ ဆက်တိုက်ဖြစ်ပေါ်ခြင်းကို ဆိုလိုကြောင်းကို စာချုပ်ဝင်နှစ်ဦး နှစ်ဖက်ညှိနှိုင်းသတ်မှတ်သင့်ပါသည်၊

(င) စာချုပ်(မူကြမ်း)အပိုဒ် ၂၂(ခ)၌ စာချုပ်ကာလမှာလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓါတ်အား စီးပွားဖြစ်စတင်ထုတ်လုပ်ဖြန့်ဖြူးသည့် နေ့ရက်မှစတင်ကြောင်းဖော်ပြထားရာ နောင် နှစ်ဖက်အငြင်းပွားမှုမဖြစ်စေရန် " စီးပွားဖြစ်စတင်ထုတ်လုပ်ဖြန့်ဖြူးခြင်း" သည် မည် သည်ကိုဆိုလိုကြောင်းအဓိပ္ပာယ်ဖွင့်ဆိုချက်များတွင်ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း)အပိုဒ် ၂၂(ခ)ပါစာချုပ်သက်တမ်းမှာ လျှပ်စစ်ဓါတ်အားစီးပွားဖြစ်စတင် ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်နေ့ရက်မှစ၍ နှစ်ပေါင်း ၆၀ ဖြစ်သဖြင့် စာချုပ်အကျိုးသက် ရောက်သည့်နေ့မှ လျှပ်စစ်ဓါတ်အားစီးပွားဖြစ်စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်နေ့ရက် မတိုင်မီအထိ စာချုပ်သက်တမ်းတွင် ထည့်သွင်းရေတွက်ခြင်းမရှိသည်ကို သတိမူသင့် ပါသည်၊

(ဆ) စာချုပ်(မူကြမ်း)တွင် B.O.T စာချုပ်များတွင်ပါလေ့ရှိသော သယံဇာတပစ္စည်းတွေ့ရှိ ခြင်းစာပိုဒ်ပါရှိလာခြင်းမရှိသည့်အတွက် ယင်းစာပိုဒ်အားမင်နီဖြင့် ရေးသားပေးလိုက်ပါ သည်၊

(ဇ) စာချုပ်(မူကြမ်း)တွင် လွှဲပြောင်း၍မရနိုင်သောအခွင့်အရေးစာပိုဒ်မပါရှိသဖြင့် ရေးသား ပေးလိုက်ပါသည်၊

(ဈ) စာချုပ်သက်တမ်းအတွင်း လျှပ်စစ်ဓါတ်အားခနှင့်စပ်လျဉ်း၍ ဌာနအနေဖြင့် ရယူရန် အစီအစဉ်ရှိ မရှိ၊ ရယူပါက မည်သို့ရယူမည်ဖြစ်ကြောင်း ဖော်ပြသင့်ပါသည်၊

(ည) လိုအပ်သောနေရာတွင် မင်နီဖြင့် ပြင်ဆင်ဖြည့်စွက်ပေးလိုက်ပါသည်။

၃။ မြေကိုငှားရမ်းခြင်းဖြစ်ပါက တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရ တံဆိပ်ခေါင်းခွန်ကင်းလွတ် ခွင့် သို့မဟုတ် သက်သာခွင့် မရရှိသေးလျှင် စာချုပ်ပေါ်တွင် ကျသင့်သောတံဆိပ်ခေါင်းခွန်ကို လုပ်ငန်းလုပ်ကိုင်သူက ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃ ၌ ဥပဒေအရပုဂ္ဂလိကနှင့် သမဝါယမတို့အား သတ်မှတ်ခွင့်ပြုသော လျှပ်စစ်စွမ်းအားထုတ်လုပ်ရေးလုပ်ငန်းမှအပ အခြားလျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသဖြင့် ယင်းဥပဒေပုဒ်မ ၄ အရ အစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်ခွင့်ပြုမိန့်ရရှိရန် လိုအပ်ပါသည်။

၅။ ဤစာချုပ်(မူကြမ်း)ကို ဥပဒေကြောင်းအရသာစိစစ်ခြင်းဖြစ်၍ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန် မရှိပါကြောင်းနှင့်ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်အကြံပြုပါသည်။

၆။ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားခြင်းရှိ မရှိ၊ စာချုပ်ပါ လုပ်ငန်းကိုလုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည်တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ်စသည်တို့အတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများတောင်းယူ စိစစ်သင့်ပါသည်။

၇။ စာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားရှိနိုင်ရန် အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂၆.၉.၀၉

ညွှန်ကြားရေးမှူးချုပ်(တာဝန်)(ကိုယ်စား)
(ကျော်ဆန်း၊ ညွှန်ကြားရေးမှူး)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

C:\Documents and Settings\user\UKMT\Future Energy(EPC 1)(9-9-09)doc.doc

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန

နှင့်

အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်

တို့အကြား

ဘီလူးချောင်း အမှတ် (၃) ရေအားလျှပ်စစ်စီမံကိန်းအား

B.O.T

(တည်ဆောက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းပေးခြင်း) စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုသည့်

ပဋိညာဉ်စာချုပ်

၂၀၀၉ ခုနှစ် ၊ ဒီဇင်ဘာလ

ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းကို
B.O.T (တည်ဆောက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းပေးခြင်း) စနစ်ဖြင့်
လုပ်ငန်းဆောင်ရွက်ရန်အတွက် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန နှင့်
အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်
တို့အကြား ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်

ဤပဋိညာဉ်စာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၁)ရက်နေ့၌ **ညွှန်ကြားရေးမှူးချုပ်၊ ဦးကြီးစိုး** ကိုယ်စားပြုသော ပြည်ထောင်စုမြန်မာနိုင်ငံ၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ အဆောက်အဦ အမှတ်(၃၈)၊ နေပြည်တော် (ဤမှနောင်တွင် **"လုပ်ငန်းခွင့်ပြုသူ"** ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင်ကွဲလွဲခြင်း မရှိပါက၊ ၎င်း၏ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) ကတစ်ဖက်

နှင့်

အုပ်ချုပ်မှုဒါရိုက်တာ၊ ဦးအောင်ဇော်နိုင် ကိုယ်စားပြုသောပြည်ထောင်စုမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်သည့် **အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်** အမှတ် ၅၈၄၊ ဟိုင်းတက်တာဝါ၊ ပထမထပ်၊ ကမ်းနားလမ်းနှင့် ၇-လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ဤမှနောင်တွင် **"လုပ်ငန်းလုပ်ကိုင်သူ"**ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားအရသော် လည်းကောင်း၊ အဓိပ္ပါယ်အရသော် လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင်ကွဲလွဲခြင်း မရှိပါက၊ ၎င်း၏ တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်)က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

နိဒါန်း

"လုပ်ငန်းလုပ်ကိုင်သူ" သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၏အရှေ့တောင်ဘက် (၁၆) မိုင်ခန့် အကွာရှိ နောက်ဆက်တွဲ(၁)မြေပုံပါ ဘီလူးချောင်းပေါ်တွင် တပ်ဆင်စက်အင်အား (၅၂)မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့်ဓါတ်အား ကီလိုဝပ်နာရီသန်းပေါင်း (၃၃၄) ထွက်ရှိမည့်၊ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း (ဤမှနောင်တွင် **"လျှပ်စစ်စီမံကိန်း"** ဟု ရည်ညွှန်းခေါ်ဆိုမည်) ကို B.O.T (တည်ဆောက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းပေးခြင်း) စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်း၏ အကျိုးခံစားခွင့်များကို စာချုပ်ပါလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ ဤပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက် အကြေအလည်ညှိနှိုင်းပြီး အောက်ပါအတိုင်း သဘောတူကြပါသည်-

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **"လုပ်ငန်းလုပ်ကိုင်သူပိုင် စက်ယန္တရားများ"** ဆိုသည်မှာ ဤ **"လျှပ်စစ်စီမံကိန်း"** ကို ပြီးစီးအောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းပျက်စီးသည့် အစိတ်အပိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရာတွင် လည်းကောင်း၊ အသုံးပြုမည့် စက်၊ ယာဉ်၊ ယန္တရားများ၊ စက်သုံးကိရိယာ တန်ဆာပလာပစ္စည်းများကို ခေါ်ဆိုသည်။

(ခ) **"အမြဲတမ်းလုပ်ငန်းများ"** ဆိုသည်မှာ ဤစာချုပ်ပါ **"လျှပ်စစ်စီမံကိန်း"** လုပ်ငန်းတွင် အကျုံးဝင်သောပုံစံပြု၍ ဆောင်ရွက်ရမည့် အမြဲတမ်းလုပ်ငန်းများကို ခေါ်ဆိုသည်။

(ဂ) **"တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ဆိုသည်မှာ ဤစာချုပ်ပါ အပိုဒ်-၈ (၃) အရ **"လုပ်ငန်းလုပ်ကိုင်သူ"**ထံမှ လုပ်ငန်းတစ်စိတ်တစ်ပိုင်းအား တရားဝင်ခွဲဝေ လုပ်ကိုင်ခွင့်ရသူ (သို့) လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းများ၏ စက်၊ ယာဉ်ယန္တရားများ ပေးသွင်းခွင့်ရသူများကို ဆိုလိုသည်။

(ဃ) **"စက်ရုံ၊ အလုပ်ရုံ"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ **"လုပ်ငန်းလုပ်ကိုင်သူ"** မှ ဤ **"လျှပ်စစ်စီမံကိန်း"** လုပ်ငန်းတွင် အကျုံးဝင်သော အမြဲတမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စက်ပစ္စည်း၊ ကိရိယာ (လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသည့် စက်ပစ္စည်း၊ ကိရိယာ) များ တပ်ဆင်ထားသည့် စက်ရုံ၊ အလုပ်ရုံကို ခေါ်ဆိုသည်။

(င) **"လုပ်ငန်းခွင်နေရာ"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်တွင် ရည်ညွှန်းဖော်ပြထားသည့် လုပ်ငန်းအပိုင်း၏နေရာများ၊ **"လုပ်ငန်းခွင့်ပြုသူ"** မှ လုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်ပေးထားသည့် နေရာများ၊ ရုံးအဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ တည်ဆောက်ထားသည့် နေရာများ၊ ပစ္စည်းများ စုပုံထားသည့်နေရာများကို ခေါ်ဆိုသည်။

(စ) **"စာချုပ်"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ကို ဆိုလိုသည်။

(ဆ) **"လျှပ်စစ်ဓါတ်အား"** ဆိုသည်မှာ **"လျှပ်စစ်စီမံကိန်း"**မှ ထုတ်လုပ်၍ ထွက်ရှိသည့် လျှပ်စစ်ဓါတ်အားကို ဆိုလိုသည်။

(ဈ) **"စီးပွားဖြစ်စတင်ထုတ်လုပ်ဖြန့်ဖြူးခြင်း"** ဆိုသည်မှာ စက်ရုံ၏ လျှပ်စစ်ဓါတ်အားပေးစက်များအနက် ပထမဆုံးစက်မှ လျှပ်စစ်ဓါတ်အား စီးပွားဖြစ်ထုတ်လုပ်ရောင်းချ ပေးခြင်းကို ဆိုလိုသည်။

အာမခံချက်နှင့်ကိုယ်စားပြုခြင်း

၂။ ဤစာချုပ်ဝင် တစ်ဦးတစ်ဖက်စီက အခြားတစ်ဦးတစ်ဖက်အား ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများအရ ဖွဲ့စည်းထား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော တရားဝင်ရပ်တည်ခွင့်ရှိသူဖြစ်ကြောင်းနှင့် ဤပဋိညာဉ်စာချုပ်ကို ချုပ်ဆိုနိုင်ရန်အလို့ငှာ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းခံရသူများဖြစ်ကြောင်း အာမခံပါသည်။ **"လုပ်ငန်းလုပ်ကိုင်သူ"** သည် ခိုင်မာသောဘဏ္ဍာရေး ရပ်တည်မှုရှိသူဖြစ်ကြောင်း အာမခံပါသည်။

ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်

၃။ ဤ **"လျှပ်စစ်စီမံကိန်း"** လုပ်ငန်းကို ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) စီမံကိန်းအတွက် စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းရေးဆွဲပုံစံထုတ်လုပ်ခြင်းနှင့် စီးပွားရေးတွက်ခြေကိုက်မှု လေ့လာသုံးသပ်ခြင်း၊

(ခ) ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်စက်ရုံမှ အသုံးပြုပြီး ထုတ်လွှတ်လိုက်သော ရေနှင့် စက်ရုံအနီးရှိ ဘီလူးချောင်းမှ လွှဲယူသောရေတို့ကိုပူးပေါင်း၍ ရေသွင်းတံခါးမှတစ်ဆင့် အဓိက ဥမင်လိုဏ်ခေါင်း (Head Race Tunnel) အတွင်းသို့ ပို့လွှတ်ပေးသွင်းခြင်း၊

(ဂ) ဘီလူးချောင်းမှရေထုကို လွှဲပြောင်းသွင်းယူနိုင်ရန် ဘီလူးချောင်းပေါ်တွင် ရေလွှဲအဆောက်အအုံ၊ ရေငြိမ်ကန်၊ ရေသွင်းမြောင်း စသည်တို့ကို တည်ဆောက်ခြင်း၊

(ဃ) အလျားမီတာ(၉၀)မှ မီတာ(၂၂၀)ရှည်သော ချဉ်းကပ်ဥမင်လိုဏ်ခေါင်း(၄)ခု အပါအဝင် အလျား (၄. ၃)ကီလိုမီတာ၊ အကျယ် (အချင်း) (၄. ၉) မီတာရှိသော ရေသွယ်ဥမင်လိုဏ်ခေါင်းကို ကွန်ကရစ်လိုင်နင်ဖြင့် တည်ဆောက်ခြင်း၊

(င) အဓိကရေသွယ်ဥမင်လိုဏ်အဆုံးတွင် ကုဗမီတာ (၅၀,၀၀၀) ဆန့် ကွန်ကရစ်ရေထိန်းကန် (၁)ခုနှင့် ရေပိုလွှဲ၊ ရေငြိမ်ကန်များ တည်ဆောက်ခြင်း၊

(စ) အလျား (၁၈၈) မီတာနှင့် အကျယ် (အချင်း) (၃. ၈) မီတာရှိသော ဖိအားမြင့်သံမဏိပိုက် (Penstock) တည်ဆောက်ခြင်း၊

(ဆ) ဖရန်စစ်အမျိုးအစား (၂၅. ၃)မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် တာဘိုင်စက် (၂)လုံးနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ထားသော မြေပေါ်လျှပ်စစ်စက်ရုံ (Surface Type Power House) တည်ဆောက်ခြင်း၊

(ဇ) စက်ရုံမှထွက်လာသည့်ရေများအား ဘီလူးချောင်းအတွင်းသို့ ပြန်လည်ထုတ်လွှတ်ပေးမည့် ကွန်ကရစ် ရေထုတ်မြောင်း(၁)ခု တည်ဆောက်ခြင်း၊

(ဈ) မြေပေါ် ဓာတ်အားခွဲရုံ (၁)ခုတည်ဆောက်ခြင်း၊

(ည) ဘီလူးချောင်းအမှတ် (၃) ရေအားလျှပ်စစ်စက်ရုံမှ အမှတ် (၂) ရေအားလျှပ်စစ်စက်ရုံသို့ (၄. ၅)ကီလိုမီတာအရှည်ရှိ (၁၃၂)ကေဗွီလျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ဆက်သွယ်ခြင်း၊

(ဋ) ဘီလူးချောင်းအမှတ် (၃) ရေအားလျှပ်စစ်စက်ရုံမှ ပို့လွှတ်ပေးလိုက်သည့် လျှပ်စစ်ဓာတ်အားကို လက်ခံရယူနိုင်ရန် ဘီလူးချောင်းအမှတ် (၂) ရေအားလျှပ်စစ်စက်ရုံရှိ ဓာတ်အားခွဲရုံအား လိုအပ်သည်များ တိုးချဲ့တပ်ဆင်ပေးခြင်း၊

(ဌ) ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ခြင်း၊

(ဍ) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ထိန်းသိမ်း မောင်းနှင်ခြင်း၊

(ဎ) လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊

အစိုးရ၏ မြေအသုံးချရန် ခွင့်ပြုချက် (Concession Rights)

၄။ **"လုပ်ငန်းလုပ်ကိုင်သူ"** သည် **"လျှပ်စစ်စီမံကိန်း"**ကို B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် ကယားပြည်နယ်၊ လွိုင်ကော်မြို့၏အရှေ့တောင်ဘက် (၁၆)မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်နှင့် ဆက်စပ်သော လိုအပ်သည့် စီမံကိန်းမြေဧရိယာနှင့် အရင်းအမြစ်များကို အကန့်အသတ်ဖြင့် အသုံးချနိုင်ရန် ခွင့်ပြုမိန့်ကို အစိုးရထံမှ ခွင့်ပြုချက်ရရှိစေရေးအတွက် **"လုပ်ငန်းခွင့်ပြုသူ"** က ဆောင်ရွက်ပေးရမည်။

မြေအသုံးချမှု ပရီမီယံ (Land Used Premium)

၅။ **"လုပ်ငန်းလုပ်ကိုင်သူ"** သည် **"လျှပ်စစ်စီမံကိန်း"** ကို B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့် ရရှိသဖြင့် **"လုပ်ငန်းခွင့်ပြုသူ"** အား မြေအသုံးချမှုပရီမီယံကြေးအနေဖြင့် စုစုပေါင်း ကျပ်သိန်း (၅၀၀) (ကျပ်သိန်းငါးရာတိတိ)ကို အောက်ပါအတိုင်း ပေးအပ်ရမည် -

(က) ဤပဋိညာဉ်စာချုပ် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီး တစ်လအတွင်း ကျပ်သိန်း (၂၅၀) (ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ပေးအပ်ရန်၊

(ခ) **"လျှပ်စစ်စီမံကိန်း"**၏ တည်ဆောက်ရေးကာလပြီးနောက် **"လျှပ်စစ်ဓါတ်အား"** စီးပွားဖြစ် စတင်ထုတ်လုပ်နိုင်သည့် နေ့ရက်ကာလတွင် ကျပ်သိန်း (၂၅၀) (ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ) ကို ပေးအပ်ရန်၊

စံချိန်စံညွှန်းများ

၆။ **"လုပ်ငန်းလုပ်ကိုင်သူ"** သည် **"လျှပ်စစ်စီမံကိန်း"** လုပ်ငန်းကို အဆင့်ဆင့် ဆောင်ရွက်ရာတွင် **"လုပ်ငန်းခွင့်ပြုသူ"** မှ သတ်မှတ်ထားသည့် နည်းပညာဆိုင်ရာ စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ငန်းများကို

အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။ အချို့လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန်မဖြစ်နိုင်ပါက လိုအပ်သလို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခွင့် ရှိသည်။

"လုပ်ငန်းခွင့်ပြုသူ"၏တာဝန်များ

၇။ "လုပ်ငန်းခွင့်ပြုသူ"၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) "လုပ်ငန်းခွင့်ပြုသူ" သည် "လှျပ်စစ်စီမံကိန်း" ၏ ပဋိညာဉ်စာချုပ်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တို့မှရရှိရန် ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။

(ခ) "လုပ်ငန်းခွင့်ပြုသူ" သည် "လှျပ်စစ်စီမံကိန်း" အတွက် လိုအပ်သော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၏ အတည်ပြုချက် သဘောတူညီချက်နှင့် ခွင့်ပြုချက်များ ရရှိအောင် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) "လုပ်ငန်းခွင့်ပြုသူ" သည် "လှျပ်စစ်စီမံကိန်း" အတွက် စီမံကိန်းနှင့် ဆက်စပ်သည့် လိုအပ်သော အချက်အလက်များ၊ သတင်းနှင့်အစီရင်ခံစာများ၊ နည်းပညာရပ်ဆိုင်ရာ ကိစ္စများ၊ အတိုင်ပင်ခံအင်ဂျင်နီယာများကို ကူညီဆောင်ရွက်ပေးရမည်။

(ဃ) "လုပ်ငန်းခွင့်ပြုသူ" သည် ဆိုခဲ့သည့် "လှျပ်စစ်စီမံကိန်း" အတွက် လိုအပ်မည့်မြေနေရာသုံးစွဲခွင့်ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြေယာအသုံးပြုခွင့်ရရှိရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(င) "လုပ်ငန်းခွင့်ပြုသူ" သည် "လှျပ်စစ်စီမံကိန်း" အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရရှိစေရန် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်။

(စ)"လုပ်ငန်းခွင့်ပြုသူ" သည် "လှျပ်စစ်စီမံကိန်း" အား ဤစာချုပ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်မှုတွင် လိုအပ်သည့် ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်ရမည်။

(ဆ) "လှျပ်စစ်စီမံကိန်း" အတွက် "လုပ်ငန်းလုပ်ကိုင်သူ" သည် ပြည်တွင်း/ ပြည်ပဈေးငွေ ချေးယူသုံးစွဲလိုပါက လိုအပ်သည်များ ပံ့ပိုးပေးရန်ကိုလည်းကောင်း၊ ပြည်ပမှ စက်ပစ္စည်း၊ ယာဉ်ယန္တရားများဝယ်ယူတင်သွင်းရန်အတွက် တင်ဒါခေါ်ယူခြင်း၊ ဈေးနှုန်းညှိနှိုင်းစိစစ်ခြင်း၊ ပစ္စည်းတင်သွင်းခြင်းကိစ္စရပ်များကိုလည်းကောင်း၊ "လုပ်ငန်းခွင့်ပြုသူ" မှ ကူညီ ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက

"လုပ်ငန်းလုပ်ကိုင်သူ" နှင့် အဆိုပါဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် သီးခြားသဘောတူညီချက် စာချုပ်များချုပ်ဆို၍ ဆောင်ရွက်ရမည်။

(ဇ) "လုပ်ငန်းခွင့်ပြုသူ" သည် "လျှပ်စစ်စီမံကိန်း" မှ ထွက်ရှိမည့် လျှပ်စစ်ဓါတ်အားကို "လုပ်ငန်းလုပ်ကိုင်သူ" မှ သတ်မှတ်ချက်နှင့်အညီ ဖြန့်ဖြူးရောင်းချခွင့် ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရမည်။

(ဈ) "လုပ်ငန်းလုပ်ကိုင်သူ" သည် အထူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကိုပြီးစီးအောင် မဆောင်ရွက်နိုင်လျှင် "လုပ်ငန်းခွင့်ပြုသူ" ထံ စာဖြင့်ရေးသား၍ အချိန်တိုးပေးရန် တောင်းဆိုမှုပြုနိုင်သည်။ "လုပ်ငန်းခွင့်ပြုသူ" သည် ယင်းတင်ပြချက် အထောက်အထားများအပေါ် အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

"လုပ်ငန်းလုပ်ကိုင်သူ" ၏ တာဝန်များ

၈။ "လုပ်ငန်းလုပ်ကိုင်သူ" ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်သူ" သည် "လျှပ်စစ်စီမံကိန်း" ၏ လုပ်ငန်းအတိုင်းအတာ ပမာဏကို ဆောင်ရွက်ရန်နှင့် ပံ့ပိုးပြုခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်သူ အလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံ ပစ္စည်းများ၊ ကိရိယာ တန်ဆာပလာ၊ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သော အရာဝတ္ထုများကို ဖြည့်ဆည်းခြင်း၊ ဆောင်ရွက်ခြင်းနှင့် စာချုပ်ပါအချက်များနှင့်အညီ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်သူ" သည် ယင်း၏ထိန်းချုပ်မှုအောက်ရှိ စီမံကိန်းစခန်းအားလုံးနှင့် လုပ်ငန်းများအားလုံးရှိ လုပ်ငန်းခွင်နေရာများအား လုံလောက်မှု၊ တည်ငြိမ်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းစေမှု ရှိစေရေးတို့အတွက် အပြည့်အဝတာဝန်ယူရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်သူ" သည် ပြည်တွင်းမှဝန်ထမ်းများ၊ အလုပ်သမားများ၊ ယင်းတို့၏ လုပ်ခ၊ နေအိမ်၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ပါက ပြည်ပမှဝန်ထမ်းများ၊ အကြံပေး အင်ဂျင်နီယာများနှင့် အလုပ်သမားများကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်သူ"သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(င) "လုပ်ငန်းလုပ်ကိုင်သူ" သည် ပြည်ပမှ အလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(စ) "လုပ်ငန်းလုပ်ကိုင်သူ"သည် "လျှပ်စစ်စီမံကိန်း" ကို စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်။ အကယ်၍ ပုံစံပြောင်းလဲ ဆောင်ရွက်ရန်လိုအပ်လာပါက အဆိုပြုချက် အသစ်အရ ဆောင်ရွက်ရာတွင် ဆောက်လုပ်မည့် အချိန်ဇယားသည် နောက်ကျခြင်းမရှိစေရ။

(ဆ) "လုပ်ငန်းလုပ်ကိုင်သူ" သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာ အတွင်းနှင့်အပြင်)အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထု၊ ရေနှင့် မြေအား ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေ ယုတ်လျော့မှု မရှိအောင် ထိန်းသိမ်းရန်၊ အများပြည်သူ နှောင့်ယှက်မှုမရှိစေရန် တို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဇ) "လျှပ်စစ်စီမံကိန်း" လုပ်ငန်းဆောင်ရွက်ရာတွင် "လုပ်ငန်းလုပ်ကိုင်သူ" သည် သစ်တော ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ဈ) "လုပ်ငန်းလုပ်ကိုင်သူ" သည် "လုပ်ငန်းခွင့်ပြုသူ" ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက် မရရှိဘဲ လုပ်ငန်းကို လွှဲပြောင်းခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း မပြုလုပ်ရ။

(ည) "လုပ်ငန်းလုပ်ကိုင်သူ" သည် "လုပ်ငန်းခွင့်ပြုသူ" မှ ပံ့ပိုးကူညီသည့် စီမံကိန်းနှင့် ဆက်စပ်သော အချက်အလက်များ၊ သတင်းများနှင့် အစီရင်ခံစာများကို အများနှင့် မသက်ဆိုင်သောကိစ္စအဖြစ် လျှို့ဝှက်ကိစ္စတစ်ရပ်အနေဖြင့် ထိန်းသိမ်းထားရှိရမည်။

(ဋ) "လုပ်ငန်းလုပ်ကိုင်သူ" သည် လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် ကာလအတွင်း "လျှပ်စစ်စီမံကိန်း"ကို ကောင်းမွန်သော အနေအထားရှိစေရန် အစဉ်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ဌ) "လုပ်ငန်းလုပ်ကိုင်သူ" ၏ "လျှပ်စစ်စီမံကိန်း" မှ ထွက်ရှိသည့် လျှပ်စစ်ဓါတ်အားကို သတ်မှတ်ချက်နှင့်အညီ ဖြန့်ဖြူးရောင်းချခွင့် ရှိသည်။

(ဍ) "လုပ်ငန်းလုပ်ကိုင်သူ" သည် "လျှပ်စစ်စီမံကိန်း" ၏ လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံ လွှဲပြောင်းလုပ်ကိုင်ခွင့် မပြုရ။ လုပ်ငန်းတစ်စိတ် တစ်ဒေသကိုမူ တစ်ဆင့်ခံ လွှဲပြောင်းလုပ်ကိုင်ခွင့်

ပြုနိုင်သည်။ ယင်းသို့ တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဤစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် **"လုပ်ငန်းလုပ်ကိုင်သူ"** က တာဝန်ယူရမည်။

(ပ) **"လုပ်ငန်းလုပ်ကိုင်သူ"** သည် **"လျှပ်စစ်စီမံကိန်း"** အတွက် ပြည်တွင်း/ပြည်ပ စီမံကိန်း ချေးငွေများ ချေးယူခြင်းတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် သီးခြားချုပ်ဆိုသည့် သဘောတူညီချက် စာချုပ်များပါ စည်းကမ်းသတ်မှတ်ချက်များ၊ ချေးငွေအတိုးနှင့် ချေးငွေ ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ **"လုပ်ငန်းလုပ်ကိုင်သူ"** သည် တိတိကျကျ လိုက်နာဆောင်ရွက်ရမည်။

(ဖ) **"လုပ်ငန်းလုပ်ကိုင်သူ"**သည်သက်ဆိုင်ရာဥပဒေနှင့်အညီ အခွန်အခများပေးဆောင်ရမည်။

နေ့ရက်၊ အချိန်နှင့် တည်ဆောက်ရေးကာလ

၉။ နေ့ရက်၊ အချိန်နှင့် တည်ဆောက်ရေးကာလမှာ အောက်ပါအတိုင်းသတ်မှတ်ပါသည် -

(က) **"လုပ်ငန်းစတင်သည့်နေ့"** မှာ ဤပဋိညာဉ်စာချုပ်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးသည့်နေ့ ဖြစ်ပါသည်။

(ခ) **"တည်ဆောက်ရေးကာလ"** ဆိုသည်မှာ လုပ်ငန်းစတင်သည့်နေ့မှ (၄)နှစ် အထိ ဖြစ်သည်။

(ဂ) **"နေ့ရက်"** ဆိုသည်မှာ ပြက္ခဒိန်နေ့ရက်ဖြစ်ပြီး၊ **"နှစ်"** ဆိုသည်မှာ (၃၆၅) ရက် ဖြစ်သည်။

(ဃ) **"အကျိုးသက်ရောက်သည့်နေ့"** မှာ **"လုပ်ငန်းခွင့်ပြုသူ"**၏ တရားဝင် အကြောင်းကြားချက်အရ ဤစာချုပ်ပါ စည်းကမ်း၊ သတ်မှတ်ချက်များအတိုင်း ဖော်ပြပါရှိသည့်နေ့သည် အကျိုးသက်ရောက်သည့်နေ့ ဖြစ်သည်။

(င) အထက်အပိုဒ်-၉(ခ)ပါ တည်ဆောက်ရေးကာလအတွင်း မမျှော်မှန်းခဲ့သည့် အကြောင်းတစ်စုံတစ်ရာကြောင့် သတ်မှတ်ကာလအတွင်း မပြီးပြတ်ပါက တည်ဆောက်ရေး ကာလတိုးမြှင့်မှုကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက်ဖြင့် သက်တမ်းတိုးမြှင့် ဆောင်ရွက်ရမည်။

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်း

၁၀။ ဤစာချုပ်၏ **"လျှပ်စစ်စီမံကိန်း"** မှ **"လျှပ်စစ်ဓါတ်အား"** ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို နိုင်ငံတော်/အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့်နှုန်းထားနှင့် သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချရမည် ဖြစ်သည်။

သယံဇာတပစ္စည်းတွေ့ရှိခြင်း

၁၁။ "လုပ်ငန်းလုပ်ကိုင်သူ" သည် သဘောတူစာချုပ်ပါ လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း မမျှော်လင့်ဘဲ ငှားရမ်းထားသော မြေအတွင်းမှ ဓါတ်သတ္တုအရင်းအမြစ်များ၊ သဘာဝတွင်းထွက် သယံဇာတပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများနှင့် ရွှေ၊ ငွေ ၊ ကျောက်မျက်ရတနာများ တွေ့ရှိပါက "လုပ်ငန်းခွင့်ပြုသူ" ထံ ချက်ချင်းအကြောင်းကြားရမည်။ အဆိုပါသယံဇာတပစ္စည်းများသည် နိုင်ငံပိုင် ပစ္စည်းများ ဖြစ်စေရမည်။ "လုပ်ငန်းခွင့်ပြုသူ" သည် အဆိုပါသယံဇာတပစ္စည်းများကို လွတ်လပ်စွာ တူးဖော်ရယူခွင့် ရှိစေရမည်။

လုပ်ငန်းတန်ဖိုး

၁၂။ ဤစာချုပ် ချုပ်ဆိုသည့် "လျှပ်စစ်စီမံကိန်း" ၏ ခန့်မှန်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်တန်ဖိုး စုစုပေါင်းမှာ ပြည်တွင်းသုံးငွေ ကျပ်သန်းပေါင်း(၁၀၄,၈၀၈. ၆၃) (ကျပ် တစ်သိန်းလေးထောင် ရှစ်ရာရှစ် ဒသမ ခြောက်သုံးသန်း) နှင့် နိုင်ငံခြားသုံးငွေ အမေရိကန် ဒေါ်လာသန်းပေါင်း(၈၂. ၆၇) (အမေရိကန်ဒေါ်လာ ရှစ်ဆယ့်နှစ် ဒသမ ခြောက် ခုနစ်သန်း) ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှု

၁၃။ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုကို အောက်ပါအတိုင်း တင်ပြရန် ဖြစ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်သူ" သည် လုပ်ငန်းအစီအစဉ် အသေးစိတ်ကို လုပ်ငန်းစတင်သည့်နေ့မှ (၆)လအတွင်း "လုပ်ငန်းခွင့်ပြုသူ"ထံ တင်သွင်းရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်သူ" သည် လစဉ် တိုးတက်မှုအစီရင်ခံစာကို မိတ္တူ (၃)စုံ ပြုစုပြီး "လုပ်ငန်းခွင့်ပြုသူ" ထံ တင်သွင်းရမည်။

စစ်ဆေးခြင်းနှင့်ကန့်ကွက်ခြင်း

၁၄။ "လျှပ်စစ်စီမံကိန်း" ၏ လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သော အလုပ်သမားများ၊ ပစ္စည်းများ၊ လျှပ်စစ်၊ လောင်စာ၊ သိုလှောင်ခန်းများ၊ စက်ပစ္စည်းကိရိယာများ၊ တန်ဆာပလာများနှင့် လုပ်ငန်း ဆောင်ရွက်မှု အစရှိသည်တို့ကို "လုပ်ငန်းခွင့်ပြုသူ" က လိုအပ်သလို ထိရောက်စွာ စစ်ဆေးနိုင်သည်။

၁၅။ "လုပ်ငန်းခွင့်ပြုသူ" ၏ စစ်ဆေးတွေ့ရှိချက်များအရ ချို့ယွင်းမှု သို့မဟုတ် စာချုပ်နှင့် မကိုက်ညီမှု တွေ့ရှိရပါက "လုပ်ငန်းခွင့်ပြုသူ" က ကန့်ကွက်နိုင်သည့်အပြင် "လုပ်ငန်း လုပ်ကိုင်သူ" ထံ ချက်ချင်းအကြောင်းကြားရမည်။ " လုပ်ငန်းလုပ်ကိုင်သူ" သည် ချို့ယွင်းချက်ကို (၁)လ အတွင်းကောင်းစွာ

ပြန်လည်ဆောင်ရွက်ပေးရန်နှင့် ကန့်ကွက်ခံရသည့် လုပ်ငန်း/ ပစ္စည်းများကို စံနှုန်းနှင့်အညီဖြစ်စေရန် တာဝန်ယူရမည်။

မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၁၆။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) "မလွန်ဆန်နိုင်သောဖြစ်ရပ်" ဆိုသည်မှာ သဘာဝဘေးအန္တရာယ်များ၊ အစိုးရ တားမြစ်ချက်၊ သပိတ်မှောက်ခြင်းများ၊ သောင်းကျန်းမှုများ၊ အဓိကရုဏ်းများ၊ ရောဂါဘယကျရောက်ခြင်း၊ ပြည်သူတို့၏ နှောင့်ယှက်ရန်ပြုမှုများ၊ ပေါက်ကွဲမှုများ၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်းနှင့် တစ်ဦးဦးက ထိန်းချုပ်နိုင်စွမ်းမရှိသော၊ ထိုက်သင့်သော ဂရုပြုမှု၊ ဝီရိယစိုက်ထုတ်မှု ပြုလျက်နှင့် တစ်ဦးဦးက ကျော်လွှားနိုင်ခြင်း မရှိသော ဖော်ပြခဲ့ပြီးသည့် အလားတူ အကြောင်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်သည် မလွန်ဆန်နိုင်သော ဖြစ်ရပ်ကြောင့် ဤပဋိညာဉ်စာချုပ်အရ ဆောင်ရွက်ရမည့် တာဝန်များကိုဆောင်ရွက်ရန် (သို့မဟုတ်) အခြားတစ်ဖက်ဖက်၏ ဆောင်ရွက်မှုကို လက်ခံရန်လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ယာယီအားဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိလျှင် ထိုသို့ လုပ်ဆောင်နိုင်စွမ်းမရှိသည့်ဖက်မှ မလွန်ဆန်နိုင်သော ဖြစ်ရပ်၏ အသေးစိတ်အကြောင်းအရာ ဖော်ပြလျက် လုပ်ဆောင်နိုင်စွမ်းမရှိသော ဖြစ်ရပ် ပေါ်ပေါက်သည့်နေ့မှ (၁၄)ရက် အတွင်း အခြားတစ်ဖက်သို့ အကြောင်းကြားစာ ပေးပို့ရမည်။ ယင်းသို့ အကြောင်းကြားစာ ပေးပို့ခြင်းကို အခြားတစ်ဖက်က သဘောတူလက်ခံမှသာ မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်စေရမည်။

(ဂ) မလွန်ဆန်နိုင်သော ဖြစ်ရပ်၏ အကျိုးသက်ရောက်မှုခံရသည့် တစ်ဦးတစ်ဖက်၏ တာဝန်များကို အခြားတစ်ဦးတစ်ဖက်၏ အတည်ပြုချက်ဖြင့် ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ် ဖြစ်ပေါ်နေသည့် ကာလအတွင်း (ထိုကာလထက် လုံးဝမကျော်လွန်စေဘဲ) ဆိုင်းငံ့ထားနိုင်သည်။ ထို့ပြင် ထိုသို့မလွန်ဆန်နိုင်သောဖြစ်ရပ် ဖြစ်ပေါ်ရသည့်အကြောင်းရင်းကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဖယ်ရှားပစ်ရမည်။

လုပ်ငန်းလုပ်ကိုင်သူ၏ ပျက်ကွက်မှု

၁၇။ "လုပ်ငန်းလုပ်ကိုင်သူ"၏ ပျက်ကွက်မှုနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များမှာ-

(က) "လုပ်ငန်းလုပ်ကိုင်သူ" သည် ယင်း၏ တာဝန်ဝတ္တရားများ (သို့မဟုတ်) စာချုပ်ပါလုပ်ငန်းကို ပျက်ကွက်ခြင်း (သို့မဟုတ်) ဆောင်ရွက်ခြင်းမပြုလျှင်၊ "လုပ်ငန်းခွင့်ပြုသူ"မှ အဆိုပါ

ပျက်ကွက်မှုအတွက် သင့်တင့်လျောက်ပတ်သော အချိန်အတွင်း အကောင်းဆုံး ပြန်လည်ဆောင်ရွက်ပေးရန်နှင့် ပြုပြင်ပေးရန် အကြောင်းကြားစာ ပေးပို့နိုင်သည်။

(ခ) "လုပ်ငန်းလုပ်ကိုင်သူ"သည် စာချုပ်တွင်သတ်မှတ်ထားသော ကာလအတွင်း စာချုပ်ပါ လုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက ကျန်ရှိသောလုပ်ငန်းများ၏ ကျွမ်းကျင်မှုဆိုင်ရာ စိစစ်ပြီးဖြစ်သော ခန့်မှန်းခြေစာရင်းတန်ဖိုး၏ ၀.၅% အား ရက်သတ္တတစ်ပတ် နောက်ကျတိုင်း "လုပ်ငန်းခွင့်ပြုသူ" ထံပေးဆောင်ရန်နှင့် ထိုသို့ပေးဆောင်မှုသည် ကျန်ရှိသော လုပ်ငန်းများ၏ ကျွမ်းကျင်မှုဆိုင်ရာ စိစစ်ပြီးဖြစ်သော ခန့်မှန်းခြေစာရင်းများ၏ စုစုပေါင်း တန်ဖိုး၏ ၅%ကို မကျော်လွန်စေရပါ။ ထို့အပြင် "လုပ်ငန်းခွင့်ပြုသူ" သည် "လုပ်ငန်းလုပ်ကိုင်သူ" ၏ လုပ်ငန်းမပြီးစီးသည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိစစ်၍ ထပ်မံလုပ်ခွင့်ပေးရန် မသင့်ဟု ယူဆပါက စာချုပ်လုပ်ငန်းအား လုပ်ငန်းခွင့်ပြုသူမှ သိမ်းယူခွင့်ရှိသည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်သူ"သည် ဤစာချုပ်ပါလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ခြင်း မရှိပါက လည်းကောင်း၊ ဤစာချုပ် "လုပ်ငန်းခွင့်ပြုသူ" မှ သိမ်းယူပါက လည်းကောင်း၊ တတိယအဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ခဲ့သော "လုပ်ငန်းလုပ်ကိုင်သူ" ၏ နဂိုမူလ ကုန်ကျထားသော ကုန်ကျစရိတ်များကို ကြောင်းကျိုးညီမျှသည့်ပမာဏအား တတိယအဖွဲ့အစည်းထံမှ လျော်ကြေးတောင်းခံနိုင်မှု ရှိသည်။

ပြောင်းလဲခြင်းများ

၁၈။ ပြောင်းလဲခြင်းများကို အောက်ပါအတိုင်း လိုက်နာရမည် -

(က) "လုပ်ငန်းလုပ်ကိုင်သူ" အနေဖြင့် လုပ်ငန်းကို ပိုမိုကောင်းမွန်အောင် ပုံစံပြုပြင် ပြောင်းလဲဆောင်ရွက်ခြင်းလုပ်ငန်းကို "လုပ်ငန်းခွင့်ပြုသူ" ထံမှအတည်ပြုခြင်း၊ ဆောင်ရွက်ရန် တစ်စုံတစ်ရာ ညွှန်ကြားချက်များမရရှိမီ ဆောင်ရွက်ခြင်းမပြုရ။ "လုပ်ငန်းခွင့်ပြုသူ" မှ လုပ်ငန်းပြောင်းလဲ ဆောင်ရွက်ရန် အဆိုပြုလွှာတင်သွင်းရန် တောင်းဆိုလာပါက "လုပ်ငန်းလုပ်ကိုင်သူ" အနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ပြောင်းလဲ အဆိုပြုမည့် လုပ်ငန်းအမျိုးအစားအလိုက် ပုံစံပြုလွှာအသစ်၊ လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြရမည်။

(၂) လိုအပ်သော အသစ်ပြုပြင်ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အတွက် "လုပ်ငန်းလုပ်ကိုင်သူ" ၏ အဆိုပြုလွှာ ရေးဆွဲတင်ပြရမည်။

(၃) "လုပ်ငန်းခွင့်ပြုသူ" မှ အဆိုပြုလွှာ လက်ခံရရှိပြီးနောက် (၁၄)ရက်အတွင်း အတည်ပြု အမိန့်များ (သို့မဟုတ်) ကန့်ကွက်လွှာများ (သို့မဟုတ်) ဆောင်ရွက်ခိုင်းသည့်အမိန့်များ ထုတ်ပြန်ပေးရမည်။

(၄) "လုပ်ငန်းခွင့်ပြုသူ" သည် မိမိညွှန်ကြားသည့် မည်သည့်လုပ်ငန်း ပြောင်းလဲခြင်းကို မဆို "လုပ်ငန်းလုပ်ကိုင်သူ" အတွက် အပိုကုန်ကျစရိတ်ငွေများ မရှိစေရန် အထူးသတိထား ဆောင်ရွက်ရမည်။ မည့်သည့်လုပ်ငန်း ပြောင်းလဲခြင်းမှ "လုပ်ငန်းလုပ်ကိုင်သူ" ၏ အတည်ပြုချက်မရယူဘဲ ညွှန်ကြားခိုင်းစေခြင်းမပြုရ။

(၅) "လုပ်ငန်းခွင့်ပြုသူ" သည် လုပ်ငန်းပြောင်းလဲခြင်းအား အတည်ပြုပြီး (သို့မဟုတ်) ဆောင်ရွက်ရန် ညွှန်ကြားပြီးတိုင်း စာချုပ်ပါ သတ်မှတ်ကာလအား ပြန်လည်ပြင်ဆင် သတ်မှတ်ရန် ဆုံးဖြတ်ချက် (သို့မဟုတ်) သဘောတူညီချက်ရှိအောင် ဆက်လက် ဆောင်ရွက်ပေးရမည်။

ပဋိညာဉ်စာချုပ်ကို ရပ်စဲခြင်း

၁၉။ ဤပဋိညာဉ်စာချုပ်ကို အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ရပ်စဲနိုင်သည်-

(က) စာချုပ်ဝင်တစ်ဖက်ဖက်မှ (၆)လ ကြိုတင်၍ နို့တစ်စာပေးပို့ပြီး နှစ်ဖက်သဘောတူညီချက်ဖြင့် ရပ်စဲခြင်း၊

(ခ) စီမံကိန်းကုမ္ပဏီတွင် ကြီးမားစွာ ဆက်တိုက် အရှုံးပေါ်ပေါက်နေခြင်း၊

(ဂ) စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များကို ဖောက်ဖျက်ခြင်း၊

(ဃ) မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) (၁၂) လ ဆက်တိုက်ဖြစ်ပေါ်လာခြင်း။

(င) စီမံကိန်းကုမ္ပဏီ၏ မူလရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စွမ်း မရှိတော့ခြင်း။

၂၀။ ဤပဋိညာဉ်စာချုပ်ကို ရပ်စဲခြင်းသည် **မြန်မာနိုင်ငံ** ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရရှိမှသာ အကျိုးသက်ရောက် အတည်ဖြစ်စေရမည်။

ပြင်ဆင်ခြင်း

၂၁။ ဤပဋိညာဉ်စာချုပ်တွင် မျှော်မှန်းမထားသော အခြေအနေများ ပေါ်ပေါက်လာခြင်းကြောင့် ပဋိညာဉ်စာချုပ်ကို ပြင်ဆင်ရန်လိုအပ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့တင်ပြ၍ သဘောတူညီချက်ရယူပြီးနောက် ပဋိညာဉ်စာချုပ်ဝင်များသည် စာဖြင့်ရေးသား၍ ပြင်ဆင်ရမည်။ ထိုသို့ ပြင်ဆင်ချက်များကို ဤပဋိညာဉ်စာချုပ်၏ အစိတ်အပိုင်းအဖြစ် ပါဝင်သည်ဟု မှတ်ယူရမည်။

အနုညာတ စီရင်ဆုံးဖြတ်ခြင်း

၂၂။ ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက်အကြား ကောင်းမွန်မျှတသော ပြေလည်မှုရရှိစေရေးအတွက် ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက်သည် အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည့် အနုညာတစီရင် ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ခုနှစ်၊ မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၄/၁၉၄၄) နှင့် နောက်ပိုင်းထုတ်ပြန်ထားသော တည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူကကျခံရမည်။

စာချုပ်အကျိုးသက်ရောက်သည့်နေ့နှင့် သက်တမ်းကာလ

၂၃။ စာချုပ်အကျိုးသက်ရောက်သည့်နေ့နှင့် သက်တမ်းကာလမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဤပဋိညာဉ်စာချုပ်သည်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ရရှိပြီးစာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက် တရားဝင်အတည်ပြု လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ခ) ပဋိညာဉ်စာချုပ်သက်တမ်းကာလမှာ ဤပဋိညာဉ်စာချုပ်အား နှစ်ဖက်လက်မှတ်ရေးထိုးသည့်နေ့မှစပြီး **"လျှပ်စစ်စီမံကိန်း"** မှ **"လျှပ်စစ်ဓါတ်အား"** စီးပွားဖြစ် စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်နေ့ရက်မှစတင်၍နောက်ထပ် နှစ်ပေါင်း (၆၀)အထိ ဖြစ်သည်။

(ဂ) ပဋိညာဉ်စာချုပ်ကာလ ဆက်လက်တိုးမြှင့်လိုပါက ပဋိညာဉ်စာချုပ် သက်တမ်း မကုန်ဆုံးမီ ၆ (ခြောက်) လကြိုတင်၍ စာချုပ်ဝင် နှစ်ဖက်ညှိနှိုင်းကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ဖြင့် သက်တမ်း တိုးမြှင့်ပေးရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ (၅)နှစ် တစ်ကြိမ်စီဖြင့် (၃)ကြိမ် ပဋိညာဉ်စာချုပ်သက်တမ်း တိုးမြှင့်နိုင်သည်။

(ဃ) **"လုပ်ငန်းခွင့်ပြုသူ"** မှ ခွင့်ပြုထားသော **"လျှပ်စစ်စီမံကိန်း"** ၏စာချုပ်ပါ လုပ်ငန်း ကာလပြည့်ပြီးနောက် **"လုပ်ငန်းလုပ်ကိုင်သူ"** သည် အကျိုးအမြတ် မရရှိခဲ့လျှင် သော်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်လိုလျှင် သော်လည်းကောင်း၊ သက်တမ်းတိုးမြှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးအတွက် **"လုပ်ငန်းခွင့်ပြုသူ"** ထံ တင်ပြ လျှောက်ထားရမည်။

ခွင့်ပြုလွှဲအပ်ခြင်း

၂၄။ ဤပဋိညာဉ်စာချုပ်ပါ အခွင့်အရေးများနှင့် လုပ်ငန်းတာဝန်များကို ပဋိညာဉ်စာချုပ်ဝင်များက အခြားသူများသို့ ခွင့်ပြုလွှဲအပ်လိုပါက နှစ်ဦးနှစ်ဖက်လုံးက စာဖြင့် သဘောတူညီမှသာ ခွင့်ပြုလွှဲအပ်မှု စာချုပ်စာတမ်း ပြုလုပ်၍ ခွင့်ပြုလွှဲအပ်နိုင်ခွင့် ရှိသည်။

အာမခံထားရှိခြင်း

၂၅။ **"လုပ်ငန်းလုပ်ကိုင်သူ"** သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့အာမခံ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သော အာမခံများထားရှိ ဆောင်ရွက်ရမည်။

အထွေထွေကိစ္စရပ်များ

၂၆။ (က) တရားမဝင်ခြင်း။ ။ ဤစာချုပ်ပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာသည် တရားမဝင်ကြောင်း (သို့မဟုတ်) ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မှု မရှိကြောင်း မည်သို့ပင် ပေါ်ပေါက်စေကာမူ ဤစာချုပ်ပါ ကျန်ပြဋ္ဌာန်းချက်များသည် ဥပဒေနှင့်အညီ ဆက်လက်၍ အပြည့်အဝ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ခ) **ဖောက်ဖျက်မှုကိုခွင့်လွှတ်ခြင်း။** ။ ဤစာချုပ်ပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာအား ဖောက်ဖျက်မှုကို ခွင့်လွှတ်ခြင်းသည် ထိုပြဋ္ဌာန်းချက်ကို (သို့မဟုတ်) စာချုပ်၏ အခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ဆက်လက်ချိုးဖောက်နေခြင်းအတွက် ခွင့်လွှတ်ရာ မရောက်စေရ။ ဤစာချုပ်တွင် ဖော်ပြပါရှိသော အခွင့်အရေး၊ အခွင့်အာဏာ (သို့မဟုတ်) အကျိုးခံစားခွင့်တစ်စုံတစ်ရာကို စာချုပ်တွင်ပါဝင် လက်မှတ်ရေးထိုးသူများက ရယူဆောင်ရွက်ရန် ပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးခြင်းသည် ထိုအခွင့်အရေး၊ အခွင့်အာဏာ (သို့မဟုတ်) အကျိုးခံစားခွင့်ကို စွန့်လွှတ်ရာမရောက်စေရ။ ထို့အပြင် ထိုအခွင့်အရေး၊ အခွင့်အာဏာ (သို့မဟုတ်) အကျိုးခံစားခွင့် တစ်ခုတည်းကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း၊ ရယူဆောင်ရွက်ခြင်းသည် အခြားအခွင့်အရေး၊ အခွင့်အာဏာ (သို့မဟုတ်) အကျိုးခံစားခွင့်ကို ရယူရန် ဟန့်တားရာမရောက်စေရ။

(ဂ) **ပစ္စည်းများပြန်လည်လွှဲပြောင်းပေးခြင်း ။** ။ စာချုပ်ရပ်စဲသည့်အခါ (သို့မဟုတ်) စာချုပ်သက်တမ်း ကုန်ဆုံးသည့်အခါ (၆)လတာကာလအတွင်း စာချုပ်ပါမြေနှင့် **"လျှပ်စစ်စီမံကိန်း"** ၌ ရင်းနှီးမြှုပ်နှံထားသောပစ္စည်းများ၊ တပ်ဆင်ထားသော စက်ကိရိယာ၊ အဆောက်အအုံများကို **"လုပ်ငန်းလုပ်ကိုင်သူ"** က ကောင်းမွန်စွာ ထိန်းသိမ်းထားသော အနေအထားအတိုင်း အဖိုးစားနား မပါဘဲ **"လုပ်ငန်းခွင့်ပြုသူ"** ထံ လွှဲပြောင်းပေးအပ်ရမည်။

(ဃ) **လွှဲပြောင်း၍မရနိုင်သောအခွင့်အရေး။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ လွှဲပြောင်း၍ မရနိုင်သော နိုင်ငံတော်၏ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများကို တစ်ဦးတည်း ပိုင်ဆိုင်ခွင့်နှင့် မူလဘူတ အခွင့်အရေးကျင့်သုံးခြင်းကို စာချုပ်ဝင်များ၏ အနုညာတ ဖြေရှင်းရန် တင်ပြသည့် သဘောတူညီချက်အပါအဝင် ဤစာချုပ်ပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း (သို့မဟုတ်) ကန့်သတ်ခြင်း မပြုနိုင်။

(င) **တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်း။** ။ မြေကိုငှားရမ်းခြင်းဖြစ်ပါက တံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ (၉) အရ တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် မရရှိသေးလျှင် စာချုပ်ပေါ်တွင် ကျသင့်သော တံဆိပ်ခေါင်းခွန်ကို **"လုပ်ငန်းလုပ်ကိုင်သူ"** က ထမ်းဆောင်ရမည် ဖြစ်ပါသည်။

(စ) **အကြောင်းကြားစာများ။** ။ ဤစာချုပ်တွင် အခြားနည်း ပြဋ္ဌာန်းထားချက်များမှ တစ်ပါး၊ ဤစာချုပ်အရ လိုအပ်သော (သို့မဟုတ်) ခွင့်ပြုထားသော အကြောင်းကြားစာ တောင်းခံချက် (သို့မဟုတ်) အခြားဆက်သွယ်မှုအားလုံးကို စာဖြင့်ရေးပြီး၊ လက်ခံရမည့်သူ၏ လိပ်စာတပ်၍ လူကိုယ်တိုင်ကိုသော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍ သော်လည်းကောင်း၊ ဖက်(စ်)ဖြင့်သော်

လည်းကောင်းပေးပို့ရမည်။ ဖော်ပြပါအကြောင်းကြားစာ၊ တောင်းခံချက် (သို့မဟုတ်)အခြားဆက်သွယ်မှု (ဤမှနောင်တွင် **"အကြောင်းကြားစာ"** ဟု ရည်ညွှန်းမည်) တစ်စုံတစ်ရာကို အောက်ပါအတိုင်း ဆောင်ရွက်ပြီးဖြစ်ပါက လက်ခံမည့်သူထံ တရားဝင်ပေးပို့ပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ဖက်(စ်)ဖြင့် အကြောင်းကြားစာ ပေးပို့ပြီးဖြစ်ပါက ဖက်(စ်)နံပါတ်၊ စာမျက်နှာ အရေအတွက်နှင့် ပေးပို့ပြီးဖြစ်ကြောင်း အတည်ပြု ဖော်ပြထားသည့် သတင်းပေးပို့ချက် မှတ်တမ်းကို ပေးပို့သူက လက်ခံရရှိလျှင် အဆိုပါ အကြောင်းကြားစာကို တရားဝင်ပေးပို့ပြီးဟု မှတ်ယူရမည်။

(၂) အကယ်၍အကြောင်းကြားစာကို လက်ခံမည့်သူ၏လိပ်စာတပ်၍ တံဆိပ်ခေါင်းကပ်ပြီး စာတိုက်မှ ပေးပို့ခြင်းဖြစ်ပါက စာတိုက်မှပေးပို့ပြီးဖြစ်ကြောင်း သက်သေပြနိုင်ပြီး ထိုသို့ပေးပို့သည့်နေ့မှ ၁၄ (တစ်ဆယ့်လေး)ရက်မြောက်နေ့တွင် စာအိတ်ပေါ်တွင် ရေးသားထားသည့် လိပ်စာရှင်ထံသို့ တရားဝင်ပေးပို့ပြီးဖြစ်ကြောင်း မှတ်ယူရမည်။

(ဆ) စာချုပ်ပါနောက်ဆက်တွဲသည် စာချုပ်၏တစ်စိတ်တစ်ဒေသဖြစ်စေရမည်။

ဆက်သွယ်ရန်လိပ်စာများ

၂၇။ ပဋိညာဉ်စာချုပ်ဝင်များအကြား စာဖြင့်ရေးသား ဆက်သွယ်ရန် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်သည် -

ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်၊ ဖက်(စ်) အမှတ် - ၀၆၇-၄၁၁၀၆၇

နှင့်

အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်
အမှတ်(၅၈၄)၊ ဟိုင်းတက်တာဝါ၊ ကမ်းနားလမ်းနှင့် ၇-လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖက်(စ်)အမှတ် -(၉၅)-၁-၂၁၁၆၉၆, ၂၁၁၉၅၇

နားလည်မှုစာချွန်လွှာ အစားထိုးပယ်ဖျက်ခြင်း

၂၈။ ၂၀၀၈ခုနှစ်၊ မေလ (၂)ရက်တွင် ဘီလူးချောင်းအမှတ် (၃)ရေအားလျှပ်စစ်စီမံကိန်းအတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန နှင့် လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည့် နားလည်မှုစာချွန်လွှာကို ဤပဋိညာဉ်စာချုပ် အကျိုးသက်ရောက်သည့်နေ့မှစ၍ အစားထိုးပယ်ဖျက်ကြောင်း နှစ်ဦးနှစ်ဖက် သဘောတူညီကြသည်။

စာချုပ်လက်မှတ်ရေးထိုးခြင်း

၂၉။ ဤပဋိညာဉ်စာချုပ်ဝင်များသည် သက်သေထင်ရှားစိမ့်သောငှာ၊ စာချုပ်ချုပ်ဆိုရာတွင် ပါဝင်သူများသည် အထက်ဖော်ပြပါ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ၊ -၃၁- ရက်တို့တွင် အောက်ပါ အသိသက်သေများ ရှေ့မှောက်၌ ဤပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြပါသည် -


ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန (ကိုယ်စား) အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက် (ကိုယ်စား)

(ဦးကြီးစိုး) (ဦးအောင်ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ် အုပ်ချုပ်မှုဒါရိုက်တာ

အသိသက်သေများ

အမည်	၊ ဦးဘုန်းမြင့်	အမည်	၊ ဦးရဲမြင့်
ရာထူး	၊ ဒုတိယညွှန်ကြားရေးမှူးချုပ်	ရာထူး	၊ ဒါရိုက်တာ
ဌာန	၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန	ဌာန	၊ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်



ဂံၢ်ဂြၢ်ဖိနံၣ်ခၣ်ကြၢ်ထီးနံၣ်ပှၤဂီၤစ့ၢ်ဖှိၣ်ဝဲၢ်လ်းဟဲစၢ (၄) းဒုၣ်ဒီးလိၣ်ပွၤ

(၁) ၦၢ်ပှၤထူပှၤင်နံၣ်ခ

Future Energy Co., Ltd.
Baluchaung No.(3) Hydropower Project
Summary of Financial Information

1	Selling Price (Kyat/kw)	50	kyat/kw	(every 3 years incremental by 1.5%)		
2	Annual Energy Output	334,000,000	kw/year	Sellable Energy	317,300,000	kw/year
3	Construction Period	4	Years			

4 **Investment**

	Kyat Portion	%	USD Portion	%	Equivalent to Kyat	Total Investment
Equity	82,308.81	78.91%	53.87	65.16%	323.25	**82,632.06**
Loan	22,003.80	21.09%	28.80	34.84%	172.80	**22,176.60**
Total Investment	**104,312.61**	**100.00%**	**82.67**	**100.00%**	**496.05**	**104,808.66**
Investment Ratio	34.35%	29.95%	20.27%	15.43%	**100%**	

5 **Loan**

Loan Drawdown Rate	34.35%	29.95%	20.27%	15.43%	**100%**

	Local Loan	Foreign Loan
Loan Interest	15%	5.5%
Loan Repayment		
(a) Construction Period (Years)	4	4
(b) Grace Period (Years)	1	1
Loan Payback Period (Years)	10	10

6 **Government**

Commercial Tax (Kyat)	83,291,250,000.00	15%
Income Tax (Kyat)	129,097,331,512.08	23%
	212,388,581,512.08	**38%**

7 **Investor**

Net Profit	**348,765,635,140.16**	**62%**

8	Depreciation for Tunnel & Intake	60 Years
	Depreciation for Other Investment	30 Years
9	Recoupment Year	15 Years 11 Months
10	IRR	7.37%

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ...၂၆၅..... / ၂၀၀၈ - ၂၀၀၉

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ...ဖျူချာ အင်နာဂျီ ကုမ္ပဏီ.......... လီမိတက် .... အား ရေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ၂၀၀၈ ခုနှစ် ......ဇွန်........ လ ..၆.. ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

စက်မှု/ထုတ်လုပ်မှု INDUSTRIAL , PRODUCTION

ခင်စိုး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကုမ္ပဏီများမှတ်ပုံတင်အရာရှိ
ကုမ္ပဏီများမှတ်ပုံတင်ရုံး

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. 265 of 2008 2009

I hereby certify that FUTURE ENERGY COMPANY LIMITED .... is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Nay Pyi Taw this SIXTH day of JUNE, TWO. THOUSAND AND EIGHT.

စက်ရုံ အလုပ်ရုံ တည်ရှိရာအရပ်သည်
စက်မှုလက်မှုဇုန်တွင် ဖြစ်စေရမည်။
(သို့မဟုတ်) လူနေရပ်ကွက်နှင့် ဝေး
လံရာ အရပ်၌ ဖြစ်စေရမည်။

KHIN SOE
DIRECTOR GENERAL
Directorate of Investment and Company Administration,
Registrar of Joint Stock Companies
Companies Registration Office

C14245

FORM XXVI
PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN
(Myanmar Companies Act, See Section 87)

Name of Company : Future Energy Co., Ltd.

Presented by : U Aung Zaw (Managing Director)

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1. U Aik Htun	Myanmar 12/LaMaTa (Naing)014300	No.14/B, River View Garden Housing, Sin Min Quarter, Ahlone Township, Yangon.	Merchant	Chairman
2. U Aung Zaw Naing	Myanmar 12/LaMaTa (Naing)025758	Room No.1003, Olympic Tower II, River View Garden Housing, Sin Min Quarter, Ahlone Township, Yangon.	Merchant	Managing Dierctor
3. U Soe Hlaing	Myanmar 13/TaKaNa (Naing)000586	No.107, University Avenue Road, Kamayut Township, Yangon.	Merchant	Vice-Chairman
4. U Win Shein(a) U Shwin Pain	Myanmar 13/TaKaNa (Naing)126940	No.20, Myaing Hay Wun Housing, 8th Miles, Mayangone Township, Yangon.	Merchant	Director
5. U Kyaw Khaing	Myanmar 12/KaTaTa (Naing)024784	No.640, Mahabandoola Street, Latha Township, Yangon.	Merchant	Director

NOTE :
(1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.
(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ...." and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this ...7-5-09...........................

Signature ....

Designation ......Aung Zaw Naing, Managing Director.........
Future Energy Co., Ltd.

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

COMPANIES REGISTRATION OFFICE 014242

Name of Company : Future Energy Co.,Ltd.

Presented by : U Aung Zaw Naing

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	(Managing Director) Changes
6. U Thein Han	Myanmar 12/KaMaYa (Naing)044487	No.105/7, Than Lwin Street, Kamayut Township, Yangon.	Merchant	Director
7. U Aung Than	Myanmar 12/PaZaTa (Naing)022750	No.1, Dagon Lwin Street, Tamwelay Quarter Tamwe Township, Yangon.	Merchant	Director
8. U Ye Myint	Myanmar 12/TaMaNa (Naing)073997	No.2, Dagon Lwin Street, Tamwelay Quarter Tamwe Township, Yangon.	Merchant	Director
9. U Win Htay	Myanmar 12/TaMaNa (Naing)070406	No.5, Bonekyone Street, Tamwelay Quarter Tamwe Township, Yangon.	Merchant	Director
10. U Han Thein Lwin	Myanmar 12/LaMaTa (Naing)000783	No.81, Padauk Street, Aye Yeik Mon Housing, Hlaing Township, Yangon.	Merchant	Direcor

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.
(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ...." and by writing against any former Director's name the word "dead", "resigned" or as the case may be giving the date of change against the entry.

Dated this ...7-5-09...........................

Signature ....
Aung Zaw Naing
Designation ....Managing Director....
Future Energy Co., Ltd.

COMPANIES REGISTRATION OFFICE 14237

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : Future Energy Co.,Ltd.

Presented by : U Aung Zaw Naing (Managing Director)

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
11. Daw Sandar Htun	Myanamr 12/LaMaTa (Naing)000063	No.14/B, River View Garden Housing, Sin Min Quarter,Ahlone Township, Yangon.	Merchant	Director
12. U Myo Naung	Myanmar 12/TaKaNa (Naing)125092	Maykha Housing, Laydauntkan Road, Thingungyun Township, Yangon.	Merchant	Director
13. U Aik Yee	Myanmar 13/NaKhaNa (Naing)033699	No.17-A, Pyay Road,6 ½ Mile, Hlaing Township, Yangon.	Merchant	Vice-Chairman
14. U Sein Myint	Myanmar 13/Ka Ma Na (Naing)009939	No.520,Bet:39&40 Street 80 Street, Maha Aung Myay	Merchant	Director
15. U Aung Shwe	Myanmar 12/Pa Ba,Ta (Ei)000338	No.216/222,D-1,Bo Myat Tun Housing, Mahabandoola Road, Pazundaung Township, Yangon.	Merchant	Director

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.
(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ...." and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this ....7-5-09.........................

Signature ....
Aung Zaw Naing
Designation ....Managing Director....
Future Energy Co., Ltd.

FORM XXVI
PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN
(Myanmar Companies Act, See Section 87)

Name of Company :

Presented by :

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
16. U Aung Paye Kyaw	Myanmar 12/TaMaNa (Naing)105906	No.2, Dagon Lwin Street, Tamwelay Quarter Tamwe Township, Yangon.	Merchant	Director
17. Daw Hla Hla Win	Myanmar 12/TaMaNa (Naing)005505	No.5, Bonekyone Street, Tamwelay Quarter. Tamwe Township, Yangon.	Merchantq	Director

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.
(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ...." and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Signature ....

Dated this ....

Designation ... Aung Zaw Naing
Managing Director
Future Energy Co., Ltd.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စာအမှတ်၊ ၁၃၆ - လျှပ်စစ် ၁(၂)/၈၈၅ / ၂၀၁၀
ရက်စွဲ ၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အမှာစာ

အကြောင်းအရာ။ **အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့ ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်လျောခွင့်များ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များ အားအတည်ပြု ပေးပါရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ပြုပါရန်တင်ပြခြင်း**

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ရေအားသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ တိုးတက်လိုအပ်နေသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိရာတွင် "ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဟူသော နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ရေအားလျှပ်စစ်စီမံကိန်းများအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျှက်ရှိပါသည်။

၂။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက်(၁၆)မိုင်ခန့်အကွာရှိ ဘီလူးချောင်းပေါ်တွင် တပ်ဆင်စက်အင်အား (၅၂)မဂ္ဂါဝပ်၊ နှစ်စဥ်ပျမ်းမျှထုတ်လုပ်မည့်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း(၃၃၄) ထွက်ရှိမည့် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် ယခင် (B.O.O) စနစ်ဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၁၂/၂၀၀၈)အစည်းအဝေး သဘောတူညီချက် **(နောက်ဆက်တွဲ-က)**အရ (၂.၅.၂၀၀၈)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော နားလည်မှု စာချွန်လွှာ **(နောက်ဆက်တွဲ-ခ)** အား ပြင်ဆင်၍ ပဋိညာဥ်စာချုပ် (မူကြမ်း)အား နှစ်ဖက်ညှိနှိုင်း ပြုစုခဲ့ကြပါသည်။

၃။ ညှိနှိုင်းပြုစုထားသော ပဋိညာဥ်စာချုပ်(မူကြမ်း)အရ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီမံကိန်းအတွက် စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းရေးဆွဲပုံစံထုတ်လုပ်ခြင်းနှင့် စီးပွားရေးတွက်ခြေကိုက်မှု လေ့လာသုံးသပ်ခြင်း။

(ခ) ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်စက်ရုံမှ အသုံးပြုပြီးထုတ်လွှတ်လိုက်သော ရေနှင့် စက်ရုံအနီးရှိ ဘီလူးချောင်းမှ လွှဲယူသောရေတို့ကို ပူးပေါင်း၍ ရေသွင်းတံခါးမှ တစ်ဆင့် အဓိကဥမင်လိုဏ်ခေါင်း(Head Race Tunnel) အတွင်းသို့ ပို့လွှတ်ပေးသွင်းခြင်း။

(ဂ) ဘီလူးချောင်းမှ ရေထုကို လွှဲပြောင်းသွင်းယူနိုင်ရန် ဘီလူးချောင်းပေါ်တွင် ရေလွှဲ အဆောက်အအုံ၊ ရေငြိမ်ကန်၊ ရေသွင်းမြောင်း စသည်တို့ကို တည်ဆောက်ခြင်း။

(ဃ) အလျားမီတာ(၉၀)မှ မီတာ(၂၂၀)ရှည်သော ချဥ်းကပ်ဥမင်လိုဏ်ခေါင်း(၄)ခု အပါအဝင် အလျား(၄.၃)ကီလိုမီတာ၊ အကျယ်(အချင်း)(၄.၉)မီတာရှိသော ရေသွယ်ဥမင်လိုဏ်ခေါင်း ကို ကွန်ကရစ်လိုင်နင်ဖြင့် တည်ဆောက်ခြင်း။

(င) အဓိကရေသွယ်ဥမင်လိုဏ်အဆုံးတွင် ကုဗမီတာ(၅၀,၀၀၀)ဆန့် ကွန်ကရစ်ရေထိန်းကန် (၁)ခုနှင့် ရေပိုလွှဲ၊ ရေငြိမ်ကန်များတည်ဆောက်ခြင်း။

(စ) အလျား(၁၈၈)မီတာနှင့် အကျယ်(အချင်း)(၃.၈)မီတာရှိသော ဖိအားမြင့်သံမဏိပိုက် (Penstock) တည်ဆောက်ခြင်း။

(ဆ) ဖရန်စစ်အမျိုးအစား(၂၅.၃)မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် တာဘိုင်စက်(၂)လုံးနှင့် ဆက်စပ် ပစ္စည်းများ တပ်ဆင်ထားသော မြေပေါ်လျှပ်စစ်စက်ရုံ(Surface Type Power House) တည်ဆောက်ခြင်း။

(ဇ) စက်ရုံမှထွက်ရှိလာသည့် ရေများအား ဘီလူးချောင်းအတွင်းသို့ ပြန်လည်ထုတ်လွှတ်ပေးမည့် ကွန်ကရစ် ရေထုတ်မြောင်း(၁)ခု တည်ဆောက်ခြင်း။

(ဈ) မြေပေါ်ဓာတ်အားခွဲရုံ(၁)ခု တည်ဆောက်ခြင်း။

(ည) ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စက်ရုံမှ အမှတ်(၂)ရေအားလျှပ်စစ်စက်ရုံသို့ (၄.၅) ကီလိုမီတာအရှည်ရှိ (၁၃၂)ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ဆက်သွယ်ခြင်း။

(ဋ) ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စက်ရုံမှ ပို့လွှတ်ပေးလိုက်သည့် လျှပ်စစ်ဓာတ်အားကို လက်ခံရယူနိုင်ရန် ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်စက်ရုံရှိ ဓာတ်အားခွဲရုံအား လိုအပ်သည်များ တိုးချဲ့တပ်ဆင်ပေးခြင်း။

(ဌ) ရုံးအဆောက်အဦးနှင့် ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ခြင်း။

(ဍ) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ထိန်းသိမ်းမောင်းနှင်ခြင်း။

(ဎ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း။

၄။ စီမံကိန်း၏ ခန့်မှန်းရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်တန်ဖိုး စုစုပေါင်းမှာပြည်တွင်းသုံးငွေ ကျပ်သန်းပေါင်း ၁၀၄,၈၀၈.၆၃ (ကျပ် တစ်သိန်း လေးထောင် ရှစ်ရာရှစ် ဒသမ ခြောက်သုံးသန်း)နှင့် နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း (၈၂.၆၇) (အမေရိကန် ဒေါ်လာ ရှစ်ဆယ့်နှစ် ဒသမ ခြောက် ခုနှစ်သန်း) ဖြစ်ပါသည်။ စီမံကိန်းတည်ဆောက်ရေး ကာလမှာ(၄)နှစ်ဖြစ်ပြီး စုစုပေါင်းလုပ်ပိုင်ခွင့်ကာလမှာ လျှပ်စစ်ဓာတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့် နေ့ရက်မှစတင်၍ အထူးကိစ္စတစ်ရပ်အနေဖြင့် **နှစ်ပေါင်း(၆၀)**ပေးအပ်ရန်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်ကာလအား ဆက်လက်တိုးမြှင့်လိုပါက စည်းမျဉ်းစည်းကမ်းချက်များနှင့် အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ တဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြ၍ **(၅)နှစ်တစ်ကြိမ်စီဖြင့် (၃)ကြိမ်** သက်တမ်းတိုးမြှင့်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို ပေးအပ်ရန်ဖြစ်ပါသည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၀ခုနှစ်၊ ဇန်နဝါရီလ စုစုပေါင်း (၁၅.၆၄) ရာခိုင်နှုန်းအထိ လုပ်ငန်းများ ပြီးစီးပြီ ဖြစ်ပါသည်။

၅။ အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်အနေဖြင့် မြေအသုံးချမှု ပရီမီယံကြေးအဖြစ် **စုစုပေါင်းကျပ်သိန်း (၅၀၀) (ကျပ်သိန်းငါးရာတိတိ)** ကို အောက်ပါအတိုင်း ပေးအပ်မည်ဖြစ်ပါသည်-

(က) ပဋိညာဉ်စာချုပ်ကို နှစ်ဖက်လက်မှတ်ရေးထိုးပြီး တစ်လအတွင်း ကျပ်သိန်း(၂၅၀) (ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ) ကို ပေးအပ်ရန်။

(ခ) တည်ဆောက်ရေးကာလပြီးနောက် လျှပ်စစ်ဓာတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်နိုင်သည့် နေ့ရက်ကာလတွင် ကျပ်သိန်း(၂၅၀) (ကျပ် သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ပေးအပ်ရန်။

၆။ အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်အနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို နိုင်ငံတော်နှင့် သက်ဆိုင်ရာဌာနများမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် နှုန်းထားသတ်မှတ်ချက်များနှင့် အညီဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်။

၇။ အဆိုပြုစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမည့် ငွေများအနက်မှ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း(၂၈.၈)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးယူမည်ဖြစ်ပြီး ပြည်တွင်းသုံးငွေ ကျပ်သန်းပေါင်း(၂၂၀၀၃.၈)ကို နိုင်ငံတော်ဘဏ်တစ်ခုခုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ခွင့်ပြုပါက နှစ်ရှည်စီမံကိန်းချေးငွေအဖြစ်ရယူပြီး စီမံကိန်းကို ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ ချေးငွေများကို အောက်ပါအတိုင်းပြန်လည်ပေးဆပ်မည် ဖြစ်ပါသည်-

(က) ပြည်တွင်းချေးငွေအားရန်ကုန်-မန္တလေးလမ်း စီမံကိန်းမှ လမ်းအသုံးပြုခ ကောက်ခံရရှိငွေများ၊ နေပြည်တော်တည်ဆောက်ရေး စီမံကိန်းများမှ ရရှိသည့်ဝင်ငွေများ၊ ရေအားလျှပ်စစ် တည်ဆောက်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းများမှ ရရှိသည့်ဝင်ငွေများ၊ High Tech Concrete Co., Ltd ၏ ကွန်ကရစ်ရောင်းချခြင်းမှ ရရှိသည့်ဝင်ငွေများ၊

ရွှေတောင်ကုမ္ပဏီမှ ရောင်းချသည့် အိမ်၊ ခြံ၊ မြေများမှ ရရှိသည့် ဝင်ငွေများ၊ ယခုအဆိုပြု စီမံကိန်းမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို ရောင်းချခြင်းမှ ရရှိလာမည့်ဝင်ငွေများ အစရှိသည့် ဝင်ငွေများဖြင့် ယခုအဆိုပြုစီမံကိန်းလုပ်ငန်း စတင်လည်ပတ်ပြီး (၄)နှစ် မြောက်သည့်နှစ်မှစ၍ အချိုးညီ (၁၀)ရစ်ခွဲ၍ (၁၀)နှစ်အတွင်း ပြန်လည်ပေးဆပ်သွားမည် ဖြစ်ပါသည်။

(ခ) ပြည်ပချေးငွေအား ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချခြင်းလုပ်ငန်းမှ ရရှိသည့် နိုင်ငံခြား ပို့ကုန်ရငွေများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တင်ပို့ရောင်းချခြင်းလုပ်ငန်းများမှ ရရှိသည့် နိုင်ငံခြားပို့ကုန် ရငွေများ၊ ပြည်တွင်းတွင်ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံခြားကုမ္ပဏီများသို့ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများမှ ရရှိသည့် နိုင်ငံခြားငွေများ၊ ကုမ္ပဏီ၏ အခြားလုပ်ငန်း များမှ ရရှိသည့်တရားဝင်နိုင်ငံခြားငွေများ အစရှိသည့် ဝင်ငွေများဖြင့် ပေးဆပ်သွားမည် ဖြစ်ပါသည်။

၈။ နိုင်ငံခြားချေးငွေဖြင့် စီမံကိန်းအတွက် စက်ယန္တရား၊ စက်ပစ္စည်းများကို လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနမှ တင်ဒါစနစ်ဖြင့် ဝယ်ယူ၍ စာချုပ်ပါအတိုင်း တင်သွင်းမည်ဖြစ်ပြီး၊ ဌာနနှင့် ကုမ္ပဏီတို့ အကြား ပစ္စည်းလွှဲပြောင်းရေးဆိုင်ရာ စာချုပ်အဖြစ် လွှဲပြောင်းရယူ၍ စီမံကိန်းတွင် အသုံးပြုမည်ဖြစ်ပါသည်။ အဆိုပါနိုင်ငံခြားချေးငွေအတွက် ကုမ္ပဏီနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့အကြား ချေးငွေပေးဆပ်ရေးဆိုင်ရာ စာချုပ်ချုပ်ဆို၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ အဆိုပြုသည့် ရေအားလျှပ်စစ်စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ၊ စီမံကိန်းချေးငွေနှင့် အတိုးနှုန်းများ၊ စီမံကိန်းမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးမည့်နှုန်းထား၊ အဆိုပြုသည့် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်နှုန်းထား စသည့် အချက်များနှင့်အညီ စီးပွားရေးဆိုင်ရာတွက်ခြေကိုက်မှု စိစစ်ချက်များ အား တွက်ချက်နည်းပေါင်း (၅၀)နည်းဖြင့် အောက်ပါအတိုင်း စိစစ်တွက်ချက်ခဲ့ပါသည်-

(က) ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလတွင်နည်းပေါင်း(၁၀)နည်းဖြင့်လည်းကောင်း၊

(ခ) ၂၀၀၉ခုနှစ်၊ ဧပြီလတွင်နည်းပေါင်း(၂၅)နည်းဖြင့်လည်းကောင်း၊

(ဂ) ၂၀၀၉ခုနှစ်၊ ဩဂုတ်လတွင်နည်းပေါင်း(၁၅)နည်းဖြင့်လည်းကောင်း၊

၁၀။ အထက်ပါ တွက်ချက်မှုနည်းလမ်းများအနက် အောက်ပါနည်းလမ်းသည် ဝန်ကြီးဌာနအဆင့် အနေဖြင့် အသင့်တော်နည်းလမ်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(က)	ဝင်ငွေခွန်ကင်းလွတ်ခွင့်	(၃)နှစ်
(ခ)	ကုန်သွယ်ခွန်ကင်းလွတ်ခွင့်	(၃)နှစ်

(ဂ) ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်ပေးဆောင်မှု

- ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အား(၃)နှစ်ကင်းလွတ်ခွင့်
  ခံစားပြီးနောက်(၁၅)နှစ်နှင့်(၁၁)လ — (၅၀)%သက်သာခွင့်
- ကျန်ကာလများ — တည်ဆဲဥပဒေနှင့်အညီ ပေးဆောင်ပါမည်

(ဃ) နှစ်ဖက်အကျိုးအမြတ်ရရှိနိုင်မှု

- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ — (၂၁၂,၃၈၈.၅၈) ကျပ်သန်းပေါင်း
- ရင်းနှီးမြှုပ်နှံသူ — (၃၄၈,၇၆၅.၆၄) ကျပ်သန်းပေါင်း

(င) အရင်းကြေကာလ — (၁၅)နှစ်နှင့် (၁၁)လ

(စ) အကြွေးကြေကာလ — (၁၀)နှစ်

(ဆ) လုပ်ပိုင်ခွင့်ကာလ(ပထမစက်တစ်လုံး စီးပွားဖြစ်စက်လည်ပတ်သည့်ရက်မှစ၍) — (၆၀+၅+၅+၅)နှစ်

(ဇ) EIRR% — (၇.၃၇)%

၁၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်**(နောက်ဆက်တွဲ-ဂ)**၊ ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်**(နောက်ဆက်တွဲ-ဃ)** များနှင့်အညီ ရေးဆွဲထားသော ပဋိညာဉ်စာချုပ်အား (၁၀-၁၁-၂၀၀၉) ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄၀/၂၀၀၉) အစည်းအဝေးဆုံးဖြတ်ချက် **(နောက်ဆက်တွဲ-င)** အရ လက်မှတ်ရေးထိုးရန် သဘောတူပြီးဖြစ်သဖြင့် (၃၁.၁၂.၂၀၀၉)ရက်နေ့တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ အဆိုပါပဋိညာဉ်စာချုပ် **(နောက်ဆက်တွဲ-စ)** အား ပူးတွဲလျက်တင်ပြအပ်ပါသည်။ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်(Future Energy Co., Ltd) မှ B.O.T စနစ်ဖြင့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရောင်းချခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တစ်ဆင့် ကုန်သွယ်မှုမူဝါဒကောင်စီသို့ တင်ပြခဲ့ရာ (၃.၂.၂၀၁၀)ရက်နေ့တွင် ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၄/၂၀၁၀)အစည်းအဝေးမှ **(နောက်ဆက်တွဲ-ဆ)** ဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

(က) အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်(Future Energy Co., Ltd) မှ B.O.T စနစ်ဖြင့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရောင်းချခွင့်ပြုပါရန် ကိစ္စအား လုပ်ငန်းလုပ်ကိုင်ခွင့် ကာလအတွက် Exemption နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် Exemption ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အစိုးရအဖွဲ့သို့ Case by Case တင်ပြရန်။

(ခ) **Case by Case အလိုက် Exemption ကို အစိုးရအဖွဲ့မှ သဘောတူပြီးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုချက်ရယူပြီး အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရန်။**

၁၂။ ကုန်သွယ်မှု မူဝါဒကောင်စီ ဆုံးဖြတ်ချက်အရ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မှ ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့်ဆောင်ရွက်ရာတွင် **ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အား လုပ်ငန်းများစတင်လည်ပတ်သည့်နေ့မှစ၍ ပထမ(၃)နှစ်ကို ကင်းလွတ်ခွင့်ပြုပါရန်နှင့် ကင်းလွတ်ခွင့်ခံစားပြီး နောက် အရင်းကြေကာလ (၁၅) နှစ် နှင့် (၁၁) လ မတိုင်မီ ကာလများအတွက် (၅၀) ရာခိုင်နှုန်း သက်သာခွင့်ပြုပါရန်၊ လုပ်ငန်းလုပ်ပိုင်ခွင့်အား (၆၀)နှစ်ခွင့်ပြုနိုင်ပါရန်နှင့် နောက်ထပ်(၅)နှစ်တစ်ကြိမ်စီဖြင့် (၃)ကြိမ်သက်တမ်းတိုးခွင့်ပြုပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ (နောက်ဆက်တွဲ-ဇ) ဖြင့်တင်ပြခဲ့ရာ (၁၈.၂.၂၀၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဥ် (၇/၂၀၁၀) မှ (နောက်ဆက်တွဲ-ဈ) ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။**

၁၃။ သို့ဖြစ်ပါ၍ ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်အတွင်းလိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်ဖြင့် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံ၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည့်အတွက် စီမံကိန်းအားအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်၍ စီးပွားရေးတွက်ခြေကိုက်ရန်၊ မနစ်နာစေရန် ဖော်ပြပါလိုက်လျောခွင့်များ၊ ဝင်ငွေခွန်နှင့်ကုန်သွယ်ခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို အတည်ပြုပေးနိုင်ပါရန်၊ တည်ဆောက်ရေးကာလတွင် အသုံးပြုရန်အတွက်လိုအပ်သော စက်ယန္တရား၊ မော်တော်ယာဥ်နှင့် အခြားဆက်စပ်ပစ္စည်းများအားသက်မှတ်ဥပဒေနှင့်အညီတင်သွင်းခွင့်ပြုပါရန်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခွင့်အား လုပ်ငန်းခွင့်ပြုမိန့် ထုတ်ပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

(ဗိုလ်မှူးကြီးဇော်မင်း)
ဝန်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရအဖွဲ့

စာအမှတ်၊ ၅၇ /၁၄၈ / အဖရ (၁၂/၂၀၀၈) ။
ရက်စွဲ၊ ၂၀၀၈ ခုနှစ်၊ မတ်လ ၂၅ ရက်။

အ မှာ စာ

အကြောင်းအရာ။ **သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းအား Asia World Co.,Ltd. အားလည်းကောင်း၊ ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်းအား High Tech Concrete Technology Co.,Ltd. အားလည်းကောင်း၊Build, Own, and Operate (BOO) စနစ်ဖြင့်လုပ်ကိုင်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) များ လက်မှတ်ရေးထိုးခွင့် ပြုပါရန်ကိစ္စ။**

၁။ ၂၀၀၈ ခုနှစ် ၊ မတ်လ ၁၉ ရက် (ဗုဒ္ဓဟူး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂ / ၂၀၀၈) မှတ်တမ်း ကောက်နုတ်ချက်ကို ဆောင်ရွက်နိုင်ပါရန် ပေးပို့အပ်ပါသည်။

၂။ မှတ်တမ်းကောက်နုတ်ချက်ကို ရရှိကြောင်းပြန်ကြားရန်နှင့် ဌာနဆိုင်ရာအရေးယူ ဆောင်ရွက်ချက်ကိုလည်း ပြန်လည် အစီရင်ခံ တင်ပြရန် ဖြစ်ပါသည်။

အတွင်းရေးမှူး (ကိုယ်စား)
(အောင်လွင်ဦး)

ဝန်ကြီး၊
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၂၀၀၈ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဥ် (၁၂/၂၀၀၈) မှတ်တမ်းကောက်နုတ်ချက်။

၅၃။ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအား Asia World Co.,Ltd. အား လည်းကောင်း၊ ဘီလူးချောင်း (၃) ရေအား လျှပ်စစ်စီမံကိန်း အား High Tech Concrete Technology Co.,Ltd. အားလည်းကောင်း၊ Build, Own, and Operate (BOO) စနစ်ဖြင့် လုပ်ကိုင်နိုင်ရေးအတွက် နားလည်မှုစာလွှာ (Memorandum of Understanding) များလက်မှတ်ရေးထိုးခွင့် ပြုပါရန်ကိစ္စ။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့စွဲပါ အမှာစာအမှတ်၊ ၁၀-လျှပ်စစ်-၁(၁)၉၃၂/၂၀၀၈။

သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းတို့အား BOO စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာလွှာ(MOU)လက်မှတ်ရေးထိုးခွင့်ပြုပါရန် သဘောတူကြောင်း ဆုံးဖြတ်ကြသည်။

ဆောင်ရွက်ရန်၊
အမှတ်(၁)လျှပ်စစ်။

62/D:/mnu/2008/yellow paper 2008 /12-2008

Memorandum of Understanding

Between

Department of Hydropower Implementation

Ministry of Electric Power No (1)

The Union of Myanmar

And

High Tech Concrete Technology Company., Ltd

Union of Myanmar

On

Baluchaung (3) Hydropower Project

Dated: May 2008

Memorandum of Understanding

On

Baluchaung(3) Hydropower Project

Kayah State, Myanmar

This **MOU** signed and delivered in Nay Pyi Taw, the Union of Myanmar on ...2nd....... day of May 2008 by and between:

Department of Hydropower Implementation (hereinafter referred to as **DHPI**), Ministry of Electric Power No (1) of the Union of Myanmar, a legal body duly constituted under the laws of the Union of Myanmar, represented by U Aung Koe Shwe, Director General, for the purpose of signing **MOU.**

And

High Tech Concrete Technology Company Limited (hereinafter referred to as **HTCT**), a company organized and existing under the laws of the Union of Myanmar, represented by U Aung Zaw Naing, Vice Chairman, for the purpose of signing **MOU.**

Whereas, **DHPI** on behalf of the Ministry of Electric Power No (1) has the objective to develop Baluchaung (3)Hydropower Project (hereinafter referred to as **The Project**) by private national enterprise on **B.O.O** (Build, Own, Operate) basis.

Whereas, **HTCT** intends to participate in the implementation of "The Project" on **B.O.O** basis as a pioneer hydropower project in the country.

It is hereby agreed by DHPI and HTCT as follows:

DHPI authorizes **HTCT** to implement Baluchaung(3) Hydropower Project on Baluchaung . **"The Project"** includes, but not limited to, the following items of work;

(1) Preparation of Feasibility Study Report

(2) Employment of Consultant for "The Project" approved by **DHPI**

(3) Carrying out additional Investigation works

(4) Detailed Engineering Study & Design with construction drawings

(5) Undertaking of Civil Works, Metal Works, Electro-mechanical works

(6) Operation and maintenance of power station after completion

(7) Supply and sale of Power

DHPI shall supply the necessary & reliable data, information and reports related to "The Project" and shall be responsible for the relevant arrangement or formalities involved in "The Project" such as utilization of land, migration of inhabitants, and personnel security in accordance with the laws, ordinances and regulations of Myanmar. DHPI will assist in coordination with local authorities for project construction, and settlement of Power Purchase Agreement (PPA) with parties concerned, etc.

HTCT shall form a new company to sign the contract for "The Project" and to timely implement "The Project" and shall submit Quarterly Progress Report of "The Project" to **DHPI** and arrange for **DHPI** Technical Assist when necessary.

All parties shall treat the content and details of this MOU, information and data related to "The Project" as private and confidential, and not disclose any particulars of "The Project" to any third party without the written consent of either party.

HTCT Shall submit the Feasibility Report to DHPI/MOEP (1) within 6 months from the signing of this MOU.

If **HTCT** fails to start implementation of "The Project" within 12 months after signing of the **MOU**, both parties shall agree to transfer the development right to a third party and HTCT has the right to obtain the compensation of reasonable cost for earlier input from the third party.

This **MOU** shall enter into force on the date of its signing.

In the event that any situation or condition not envisaged under this **MOU** arises the Parties shall discuss and make necessary amendments to this **MOU.**

IN WITNESS WHEREOF, the undersigned, being duly authorized thereto by their respective parties, have signed this **MOU**.

Done at Nay Pyi Taw, Union of Myanmar, on this 2nd......day of May 2008, in duplicate in the English / Myanmar Language.

For and on behalf of
Department of Hydropower Implementation
Ministry of Electric Power No (1)
Union of Myanmar

....

Signed by : U Aung Koe Shwe
Designation: Director General

For and on behalf of
High Tech Concrete
Technology Co.,Ltd.
Union of Myanmar

....

Signed by : U Aung Zaw Naing
Designation: Vice Chairman

In the presence of

2-5-2008

Signed by :U Win Kyi
Designation :Deputy Director General

2/5/08

Signed by : U Ye Myint
Designation: Managing Director

ပြည်ထောင်စုမြန်မာနိုင်ငံ
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

နှင့်

ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိတက်
ပြည်ထောင်စုမြန်မာနိုင်ငံ

တို့၏

ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက်
နားလည်မှုစာချွန်လွှာ

နေ့စွဲ - မေလ၊ ၂၀၀၈

Win

D:\Kyaw Aung Win (2004)\MOU ewc-htct12-3-04\HTCT\baluchaung mou(New)131207.doc

ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်း၊ ကယားပြည်နယ်

အတွက်

နားလည်မှုစာချွန်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၀၈-ခုနှစ်၊ မေလ၊ (၂) ရက် နေ့တွင်-

မြန်မာနိုင်ငံ၏ ဥပဒေများအရတရားဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံကို ကိုယ်စားပြု၍ ဦးအောင်ကိုးရွှေ၊ ညွှန်ကြားရေးမှူးချုပ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖေါ်ရေး ဦးစီးဌာန

နှင့်

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရတည်ထောင်ထားသော ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိတက်ကို ကိုယ်စားပြု၍ ဦးအောင်ဇော်နိုင်၊ ဒုတိယဥက္ကဌ

တို့သည်

ဤနားလည်မှု စာချွန်လွှာ အား လက်မှတ်ရေးထိုးကြပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်း (စီမံကိန်း) ကို ပုဂ္ဂလိက အဖွဲ့အစည်း တစ်ခုအား (Build, Own, Operate)B.O.O (တည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ကိုင်စနစ်) စံနစ်ဖြင့် ဆောင်ရွက်စေရန် ရည်မှန်းချက်ဖြင့်လည်းကောင်း၊

ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိတက် အနေနှင့်လည်း မြန်မာနိုင်ငံအတွင်း B.O.O စံနစ်ဖြင့်စံပြဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းကို ပါဝင်ဆောင်ရွက် အကောင်ထည်ဖော်ရန် ဆန္ဒရှိသဖြင့်လည်းကောင်း၊

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန နှင့် ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိကက် တို့သည် အောက်ပါအတိုင်း သဘောတူညီကြပါသည်။

D:\Kyaw Aung Win (2008)\MOU ...\131207.doc

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အနေနှင့် ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိတက် အား ဘီလူးချောင်းတွင်တည်ဆောက်မည့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်း အတွက် အောက်ဖော်ပြပါလုပ်ငန်းအပါအဝင် လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုလိုက်ပါသည်။

(က) ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာပြုစုရေးဆွဲရန်။

(ခ) စီမံကိန်းအတွက် အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရန်။

(ဂ) ထပ်မံလိုအပ်သောစူးစမ်းလေ့လာမှုလုပ်ငန်းများဆက်လက်ပြုလုပ်ရန်။

(ဃ) အသေးစိတ်အင်ဂျင်နီယာပိုင်း လေ့လာမှုနှင့်ဆောက်လုပ်ရေးဒီဇိုင်းများကို ပုံစံရေးဆွဲထုတ်လုပ်ရန်။

(င) မြို့ပြလုပ်ငန်းများ၊သံထည်လုပ်ငန်းများနှင့် လျှပ်စစ်စက်မှုလုပ်ငန်းများဆောင်ရွက်ရန်။

(စ) ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပြီးပါက ထိန်းသိမ်းမောင်းနှင်ရန်။

(ဆ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခွင့်ပြုရန်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအနေနှင့် စီမံကိန်းနှင့်ဆက်စပ်သည့် လိုအပ်သော အချက်အလက်၊ သတင်းနှင့်အစီရင်ခံစာများကို ပေးပို့ပေးပါမည်။ ထို့အပြင် စီမံကိန်းနှင့်ဆက်စပ်၍ သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းများနှင့်အညီ မြေယာအသုံးချခွင့်ရရှိရေးကိစ္စများ၊ စီမံကိန်းဧရိယာအတွင်း လူ/စက်/ယာဉ်/ ယန္တရားများ ဝင်/ထွက်/သွားလာခွင့်ရရှိရေးကိစ္စများ၊ လုံခြုံရေးကိစ္စများ နှင့် ဓာတ်အားဝယ်ယူမှုဆိုင်ရာ သဘောတူညီချက်ရရှိရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ကူညီ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိတက် အနေနှင့် စီမံကိန်းအချိန်မှီပြီးစီးရေးအတွက် သီးခြားကုမ္ပဏီ တစ်ခုဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် စီမံကိန်း၏တိုးတက်မှုအစီရင်ခံစာကို အခါအားလျော်စွာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပြီး လိုအပ်ပါက ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်ပေးရပါမည်။

D:\Kyaw Aung Win ...\MOU ...131207.doc

ဤနားလည်မှုစာချွန်လွှာတွင် ပါဝင်သော စီမံကိန်းနှင့်ဆက်စပ်နေသော အချက်အလက်များနှင့် အသေးစိတ်များကိုဤစာချုပ်ပါ အဖွဲ့အစည်းများမှ အများနှင့်မဆိုင်သောကိစ္စနှင့်လျှို့ဝှက်ကိစ္စတစ်ရပ်အနေဖြင့် လက်ခံထားရမည်ဖြစ်ပြီး ဤစာချုပ်ပါ အဖွဲ့အစည်းနှစ်ခုလုံး၏ စာဖြင့်ရေးသားသဘောတူညီမှု မပါဘဲနှင့်အခြားသော တတိယအဖွဲ့အစည်းတစ်ခုထံသို့ "စီမံကိန်း" နှင့်ပတ်သက်သည့် မည်သည့် အချက်အလက်ကိုမှ မပေါက်ကြား စေရပါ။

"စီမံကိန်း" ၏ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သို့ (၂.၅.၂၀၀၈)ရက်နေ့မှ (၆)လ အတွင်း တင်ပြရမည်ဖြစ်ပါသည်။

အကယ်၍ ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိတက် အနေနှင့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး (၁၂)လအတွင်း"စီမံကိန်း"ကို အကောင်အထည်ဖော်ခြင်းမပြုလုပ်နိုင်ပါက တတိယအဖွဲ့အစည်း တစ်ခုအား လွှဲအပ်ပေးခဲ့သော် ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီကုမ္ပဏီလီမိတက် အနေနှင့် နဂိုမူလက ကုန်ကျထားသော ကုန်ကျစရိတ်များကို ကြေးကျိုးညီမျှသည့် ပမာဏအထိ တတိယအဖွဲ့အစည်းထံမှ လျော်ကြေး တောင်းခံနိုင်ခွင့်ရှိသည်။

ဤနားလည်မှုစာချွန်လွှာတွင် ဖော်ပြပါဝင်ခြင်းမရှိသော အနေအထား/အခြေအနေများပေါ်ပေါက်ပါက နှစ်ဘက်အဖွဲ့အစည်းတို့အနေနှင့် တိုင်ပင်ဆွေးနွေး၍ စာချွန်လွှာပါ အချက်အလက်များကို ပြင်ဆင်ရပါမည်။

ဤနားလည်မှုစာချွန်လွှာသည် စာချုပ်လက်မှတ်ရေးထိုး သည့်နေ့မှစတင်၍ အကျိုးဝင်သက်ရောက် ပါမည်။

အောက်တွင် ဖော်ပြပါရှိသော သက်သေများ၏ ရှေ့မှောက်တွင်နှစ်ဘက်သော အဖွဲ့အစည်းတို့သည်၎င်းတို့နှင့်သက်ဆိုင်သောအဖွဲ့အစည်းများမှ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များအရ လက်မှတ်ရေးထိုးကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၀၈ခုနှစ်၊ မေလ၊ (၂)ရက်နေ့ တွင် လက်မှတ်ရေးထိုးပြီး အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့် စာချွန်လွှာကို လဲလှယ်ကြပါသည်။

D:\Kyaw Aung Htut (2007)\MOU won-htut\12-3-08\TCT\hutchuang won(New)131207.doc

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန	ဟိုက်တက်ကွန်ကရစ်တက်ခနိုလိုဂျီ
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန(ကိုယ်စား)	ကုမ္ပဏီလီမိတက်(ကိုယ်စား)
လက်မှတ်	လက်မှတ်
အမည် ဦးအောင်ကိုးရွှေ	အမည် ဦးအောင်ဇော်နိုင်
ရာထူး ညွှန်ကြားရေးမှူးချုပ်	ရာထူး ဒုတိယဥက္ကဋ္ဌ

ကျွန်ုပ်တို့၏ရှေ့မှောက်တွင်

၂/၅/၂၀၀၈	2/5/08
လက်မှတ်	လက်မှတ်
အမည် ဦးဝင်းကြည်	အမည် ဦးရဲမြင့်
ရာထူး ဒုတိယညွှန်ကြားရေးမှူးချုပ်	ရာထူး အုပ်ချုပ်မှုဒါရိုက်တာ

F:\Kyaw Aung Win (2008)\MOU ewc-htc(12-3-08)\HTCT\bahuchaung mou(New)131207.doc

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ဘခ - ၁ / ၂၇၄ (၂၅၂၅/ ၂၀၀၉)
ရက်စွဲ၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

သို့
ဝန်ကြီး
အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အကြောင်းအရာ။ သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ

ရည်ညွှန်းချက်။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂-၉-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၁၅၇-လျှပ်စစ်၁(၂)/၄၁၅၆/၂၀၀၉

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းအား (B.O.T) (Build Operate and Transfer) စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ် (မူကြမ်း)အပေါ် ဤဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ်(၅)အရ လျှပ်စစ်စီမံကိန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်းအတွက် မြေအသုံးချမှု ပရီမီယံကြေး ကျပ်သိန်း (၅၀၀)အား ပဋိညာဉ်လက်မှတ်ရေးထိုးပြီး တစ်လအတွင်းကျပ်သိန်း (၂၅၀)နှင့် လျှပ်စစ်ဓါတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်နိုင်သည့် နေ့ရက်ကာလတွင် ကျပ်သိန်း (၂၅၀)ကို အနာဂတ်စွမ်းအားကုမ္ပဏီက ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနသို့ ပေးအပ်ရန်ဖော်ပြထားရာ မြေအရင်းအမြစ်အား နှစ်(၆၀)အသုံးချမှုအတွက် နိုင်ငံတော်မှ ကျပ်သိန်း(၅၀၀)သာ ရရှိမည်ဖြစ်ပြီး Royalty Fees ကဲ့သို့သော အခြားအဖိုးအခများ မရရှိကြောင်း တွေ့ရှိရပါသည်။

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၂၂(ခ)တွင် ပဋိညာဉ်စာချုပ် သက်တမ်းကာလအား လျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓါတ်အားစီးပွားဖြစ် စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်နေ့ရက်မှစတင်၍ နှစ်ပေါင်း(၆၀)အထိဟုဖော်ပြထားရာ ယခင် B.O.T စနစ်ဖြင့်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစီမံကိန်းများတွင် B.O.T ၏သက်တမ်းအား နှစ်(၃၀)မှ (၃၅) နှစ်အထိသာ ခွင့်ပြုလေ့ရှိပါသည်။ စာချုပ်(မူကြမ်း) အပိုဒ် ၂၂(ဂ)တွင်ပဋိညာဉ်၏သက်တမ်းအားတိုးမြှင့်နိုင်ကြောင်း ဖော်ပြထားသဖြင့် ယခုပဋိညာဉ်၏ သက်တမ်းအား ကနဦးနှစ်(၃၀)သာ ခွင့်ပြု၍

hlv/1-274(scp)- 2

နောက်ထပ်သက်တမ်း ထပ်မံတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်းသာလျှင် သင့်လျော်မည်ဟု ယူဆပါသည်။

(ဂ) အဆိုပါပဋိညာဉ်စာချုပ်(မူကြမ်း)တွင် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြထားခြင်းမရှိသည့်အတွက် သဘောထားမှတ်ချက်ပြုရန်မရှိပါ။ သို့ရာတွင်လုပ်ငန်းဆောင်ရွက်ပေးခြင်းအတွက် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်သို့စာချုပ်အရပေးချေသည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်ကလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တစ်ဆင့်ခံဆောင်ရွက်စေခြင်းအတွက် ပေးချေသည့်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံခြားမှ ငွေချေးယူပါက အဆိုပါချေးယူငွေအတွက် အတိုးပေးချေငွေပေါ်တွင် လည်းကောင်း ပင်ရင်းမှ နှုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax)ကို ဖြတ်တောက်ပေးသွင်းရန် တာဝန်ရှိပါသည်။

(ဃ) ထို့အပြင် စီမံကိန်းလုပ်ငန်းအတွက် ပြည်တွင်းပြည်ပမှငှားရမ်းသည့် အတိုင်ပင်ခံများ၊ကျွမ်းကျင်သူများ၊ဝန်ထမ်းများအား ထုတ်ပေးသည့် လစာခေါင်းစဉ်မှ ဝင်ငွေခွန်ကိုနှုတ်ယူဖြတ်တောက်ပေးသွင်းရန် တာဝန်ရှိပါသည်။ စီမံကိန်းတည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရောင်းချသဖြင့် ရရှိသည့်ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်နှင့်လုပ်ငန်းမှရရှိသည့်အသားတင်အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်တို့ကို တည်ဆဲဥပဒေ၊နည်းဥပဒေ၊စည်းမျဉ်းနှင့်အမိန့်ကြော်ငြာစာများနှင့်အညီပေးဆောင်ရန်တာဝန်ရှိပါသည်။

၂။ လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပြန်ကြားအပ်ပါသည်။

ဝန်ကြီး(ကိုယ်စား)
(ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အကောက်ခွန်ဦးစီးဌာန

hh/1-274(scp)- 3

နောက်ဆက်တွဲ (ဃ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရှေ့နေချုပ်ရုံး
နေပြည်တော်

စာအမှတ်၊ ၂(၅) ၄ - ၁၃ /နပတ(၃၂၉)
ရက်စွဲ ၊ ၂၀၀၉ ခုနှစ် ၊ စက်တင်ဘာလ ၁၆ ရက်

အကြောင်းအရာ။ ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့်ဆောင် ရွက်ရန်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်း

ရည် ညွှန်း ချက် ။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂ - ၉-၂၀၀၉ ရက်စွဲပါစာအမှတ် ၁၅၇-လျှပ်စစ် ၁(၂)/ ၄၁၅၆/၂၀၀၉

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့အကြားဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းအားB.O.T(တည်ဆောက်၊ လုပ်ကိုင်၊လွှဲပြောင်း)စနစ်ဖြင့် ဆောင်ရွက်ရန်ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ်အကြံပြုအပ်ပါသည် -

(က) စာချုပ်(မူကြမ်း)တွင်နိဒါန်းအပိုင်း၌ရည်ညွှန်းထားသောပူးတွဲ(၁)မှာမြေပုံပူးတွဲပါရှိခြင်း မရှိပါ။ ယင်းနောက်ဆက်တွဲသည်စာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သဖြင့် စာချုပ် လက်မှတ်ရေးထိုးသည့်အချိန်တွင် ပူးတွဲများကို ပြည့်စုံစွာပူးတွဲထားရန်လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)တွင် မြေအသုံးချမှုပရီမီယံ (Land Use Premium) ပါရှိသော်လည်း မြေငှားရမ်းခမပါရှိသဖြင့် ဌာနအနေဖြင့်ရယူလိုခြင်းရှိ မရှိ စဉ်းစားသင့်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း)တွင် လုပ်ငန်းအာမခံငွေရယူထားခြင်းမရှိသဖြင့် လုပ်ငန်းအာမခံရယူရန်သင့်မသင့်စဉ်းစားသင့်ပါသည်။လုပ်ငန်းအာမခံငွေထားရှိလျှင် ယင်း၏ဘဏ်အာမခံ

C:\Documents and Settings\user\UKMT\Future Energy(EPC 1)(9-9-09)doc.doc

ပုံစံအားစာချုပ်တွင် ပူးတွဲပါရှိရန်နှင့် ဘဏ်အာမခံပုံစံမှာ စာချုပ်ပါစည်းကမ်းချက်များနှင့်ကိုက်ညီရန်လိုအပ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း)အပိုဒ် ၆ တွင် စံချိန်စံညွှန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းပညာဆိုင်ရာစံညွှန်းဟု ဖော်ပြထားရာ နောင်အငြင်းမပွားစေရန် စံချိန်စံညွှန်းအား စာချုပ်တွင်နောက်ဆက်တွဲဖြင့် ဖော်ပြသင့်ပါသည်၊

(င) စာချုပ်(မူကြမ်း)အပိုဒ် ၈(ဂ)တွင် ပြည်ပမှဝန်ထမ်းများ၊ အကြံပေးအင်ဂျင်နီယာများနှင့် အလုပ်သမားများကိုဝန်ကြီးဌာနမှခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်ကြောင်းဖော်ပြထားရာ မည်သည့်ဝန်ကြီးဌာနဖြစ်ကြောင်းကို ပြည့်စုံစွာဖော်ပြရန် လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း)အပိုဒ် ၈(ဇ)ပါ လုပ်ငန်းခွင့်ပြုသူအချိန်တိုးပေးခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်မှာလုပ်ငန်းခွင့်ပြုသူနှင့် သက်ဆိုင်သဖြင့်လုပ်ငန်းခွင့်ပြုသူ၏ တာဝန်ခေါင်းစဉ် အောက်သို့ပြောင်းရွှေ့ဖော်ပြရန်ဖြစ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း)အပိုဒ် ၈(ဏ)တွင်ဖော်ပြထားချက်မှာ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းနှင့် သက်ဆိုင်သဖြင့်စာချုပ်သက်တမ်းခေါင်းစဉ်အောက်သို့ပြောင်းရွှေ့ဖော်ပြသင့်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း)အပိုဒ်၉(က)တွင်လုပ်ငန်းစတင်သည့်နေ့ကိုလုပ်ငန်းခွင့်ပြုသူမှလုပ်ငန်း စတင်ရန်အကြောင်းကြားစာကိုလုပ်ငန်းလုပ်ကိုင်သူမှလက်ခံရရှိသည့်နေ့ဟုဖော်ပြထား ရာနောင်အငြင်းပွားမှုပေါ်ပေါက်နိုင်သဖြင့်ယင်းနေ့ကိုအတိအကျသတ်မှတ်သင့်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း)အပိုဒ်၁၆ လုပ်ငန်းလုပ်ကိုင်သူ၏ပျက်ကွက်မှုနှင့်ပတ်သက်၍အပိုဒ်(ခ) ပါအတိုင်း လုပ်ငန်းလုပ်ကိုင်သူသည် သတ်မှတ်ကာလကျော်လွန်မှ စာချုပ်လုပ်ငန်းများ ကိုဆောင်ရွက်ပြီးစီးပါက ဌာနအနေဖြင့် ရက်လွန်ကြေး၊ ဒဏ်ကြေးရယူရန်သင့် မသင့် စိစစ်သင့်ပါသည်၊

(ည) စာချုပ်(မူကြမ်း)အပိုဒ် ၁၈(ဃ)၌ စာချုပ်ရပ်စဲခြင်းသည် မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ပါက မလွန်ဆန်နိုင်သောဖြစ်ရပ်များ

မည်သည့်ကာလအထိ ဆက်တိုက်ဖြစ်ပေါ်ခြင်းကို ဆိုလိုကြောင်းကို စာချုပ်ဝင်နှစ်ဦး နှစ်ဖက်ညှိနှိုင်းသတ်မှတ်သင့်ပါသည်၊

(င) စာချုပ်(မူကြမ်း)အပိုဒ် ၂၂(ခ)၌ စာချုပ်ကာလမှာလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓါတ်အား စီးပွားဖြစ်စတင်ထုတ်လုပ်ဖြန့်ဖြူးသည့် နေ့ရက်မှစတင်ကြောင်းဖော်ပြထားရာ နောင် နှစ်ဖက်အငြင်းပွားမှုမဖြစ်စေရန် " စီးပွားဖြစ်စတင်ထုတ်လုပ်ဖြန့်ဖြူးခြင်း" သည် မည် သည့်ကိုဆိုလိုကြောင်းအဓိပ္ပာယ်ဖွင့်ဆိုချက်များတွင်ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း)အပိုဒ် ၂၂(ခ)ပါစာချုပ်သက်တမ်းမှာ လျှပ်စစ်ဓါတ်အားစီးပွားဖြစ်စတင် ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်နေ့ရက်မှစ၍ နှစ်ပေါင်း ၆၀ ဖြစ်သဖြင့် စာချုပ်အကျိုးသက် ရောက်သည့်နေ့မှ လျှပ်စစ်ဓါတ်အားစီးပွားဖြစ်စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်နေ့ရက် မတိုင်မီအထိ စာချုပ်သက်တမ်းတွင် ထည့်သွင်းရေတွက်ခြင်းမရှိသည်ကို သတိမူသင့် ပါသည်၊

(ဆ) စာချုပ်(မူကြမ်း)တွင် B.O.T စာချုပ်များတွင်ပါလေ့ရှိသော သယံဇာတပစ္စည်းတွေ့ရှိ ခြင်းစာပိုဒ်ပါရှိလာခြင်းမရှိသည့်အတွက် ယင်းစာပိုဒ်အားမင်နီဖြင့် ရေးသားပေးလိုက်ပါ သည်၊

(ဇ) စာချုပ်(မူကြမ်း)တွင် လွှဲပြောင်း၍မရနိုင်သောအခွင့်အရေးစာပိုဒ်မပါရှိသဖြင့် ရေးသား ပေးလိုက်ပါသည်၊

(ဈ) စာချုပ်သက်တမ်းအတွင်း လျှပ်စစ်ဓါတ်အားခနှင့်စပ်လျဉ်း၍ ဌာနအနေဖြင့် ရယူရန် အစီအစဉ်ရှိ မရှိ၊ ရယူပါက မည်သို့ရယူမည်ဖြစ်ကြောင်း ဖော်ပြသင့်ပါသည်၊

(ည) လိုအပ်သောနေရာတွင် မင်နီဖြင့် ပြင်ဆင်ဖြည့်စွက်ပေးလိုက်ပါသည်။

၃။ မြေကိုငှားရမ်းခြင်းဖြစ်ပါက တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရ တံဆိပ်ခေါင်းခွန်ကင်းလွတ် ခွင့် သို့မဟုတ် သက်သာခွင့် မရရှိသေးလျှင် စာချုပ်ပေါ်တွင် ကပ်သင့်သောတံဆိပ်ခေါင်းခွန်ကို လုပ်ငန်းလုပ်ကိုင်သူက ထမ်းဆောင်ရမည်ဖြစ်ပါသည်။